ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ မေလ ၁ ရက်)

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား

ယနေ့မေလ(၁)ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးရှိ အလုပ်သမားကြီးများကို ဂုဏ်ပြုသည့်အဓိပ္ပာယ် ပြည့်ဝသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ နိုင်ငံအတွက် မရှိမဖြစ် အရေးပါသော အဓိကအင်အားစုတစ်ရပ်ဖြစ်သည့် အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြီးပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကမ္ဘာ့နိုင်ငံများတွင် ကမ္ဘာ့အလုပ်သမားများကို လုပ်အားတန်ဖိုးမြှင့်တင်ပေးသောနေ့၊ အလုပ်သတ်မှတ်ချိန်ကို မှန်ကန်သင့်လျော်စွာခံစားရသောနေ့၊ ကမ္ဘာ့အလုပ်သမားလှုပ်ရှားမှုသမိုင်းတွင် မှတ်ကျောက်တင်နိုင်သည့် နေ့ထူးနေ့မြတ်အဖြစ် နှစ်စဉ်ဂုဏ်ပြုကျင်းပကြခြင်းဖြစ်ပါသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်မှုကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်လည်ပတ်



မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား ပြန်လည်ဖွင့်လှစ်ပြီးဖြစ်၍ ကုန်တင်ယာဉ်များ ဝင်/ထွက်သွားလာလျက်ရှိသည်ကို တွေ့ရစဉ်။

မြဝတီ ဧပြီ ၃၀

ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားကို ယနေ့နံနက် ၈ နာရီခွဲက ပြန်လည်ဖွင့်လှစ်ခဲ့ကာ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများ ပုံမှန်လည်ပတ်နေပြီဖြစ်ကြောင်း သိရသည်။

### ပြန်လည်ဆောင်ရွက်နေ

အဆိုပါ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် ယနေ့နံနက်ပိုင်းက လုပ်ကိုင်ဆောင်ရွက်နေသည့် ထိုင်းနိုင်ငံနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေပြီဖြစ်၍ မြဝတီကုန်သွယ်ရေးဇုန် OSS တွင် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့မှုလုပ်ငန်းစဉ်များကို MANUAL စနစ်ဖြင့် ဆောင်ရွက်ခြင်းများကို ယနေ့နံနက် ၉ နာရီခွဲက စတင်ဆောင်ရွက်သည်။

မြန်မာနိုင်ငံ၏ ကုန်စည်စီးဆင်းရာ ဝင်ပေါက်တစ်ခုဖြစ်သည့် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ယနေ့ ဖတ်စရာ

**စည်းနဲ့ ကမ်းနဲ့ မြန်မာစာ**
**လွဲကြ၊ မှားကြ၊ ‘က’ နှင့် ‘မှ’။ လွဲလွဲမှားမှား၊ ‘ကို နှင့် အား’**

စာမျက်နှာ » ၂



**ဝါကြိတ်စက် စက်မှုလုပ်ငန်း၏ လမ်းကြောင်းအသစ်များ**

ဆောင်းပါး စာမျက်နှာ » ၆

**တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်၌ အရောင်းအဝယ်ကောင်း**

စာမျက်နှာ » ၁၈

ကြေးမုံ

# တိုင်းပြည်နှင့်လူမျိုးကောင်းကျိုးဆောင်ကြဉ်း

ဥပဒေဟူသည် လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ တရားမျှတမှုရှိစေရန်နှင့် အကွပ်အကဲ အထိန်းအကျောင်းသဖွယ်ဖြစ်စေရန်အတွက် အုပ်ချုပ်သူအစိုးရတို့က သတ်မှတ်ပြဋ္ဌာန်းထားသော စည်းကမ်းအစုစုဖြစ်သည်။ မည်သည့်အမူအကျင့်သည် ကောင်း၏၊ မည်သည့်အမူအကျင့်သည် မကောင်း၏ဟူသော အများကထင်မြင်ထားသော စည်းကမ်းချက်များကိုစုပေါင်း၍ အာဏာပိုင်အစိုးရတို့က အများပြည်သူ လိုက်နာကျင့်သုံးရန် ပြဋ္ဌာန်းထားသည်တို့ကို ဥပဒေဟုခေါ်သည်။

ကမ္ဘာလောကတွင် တရားဥပဒေသာမရှိပါက လူတို့နေထိုင်ရပ်တည်ရေးသည် လုံခြုံစိတ်ချမှု ရှိမည်မဟုတ်ချေ။ တရားဥပဒေစိုးမိုးမှု၊ ငြိမ်ဝပ်ပိပြားမှုလည်း ရှိတော့မည်မဟုတ်ပေ။ တရားဥပဒေသည် နိုင်ငံတစ်ခု တည်တံ့ခိုင်မြဲရေးတွင် အဓိကကျသောအချက်ဖြစ်သည်။ ဥပဒေမရှိသောနိုင်ငံတွင် တည်တံ့ခိုင်မြဲသောအစိုးရလည်း ရှိမည်မဟုတ်ပေ။ ပြည်သူများလည်း ကောင်းမွန်စွာနေထိုင်ကြရမည်မဟုတ်ချေ။ ယဉ်ကျေးသောနိုင်ငံများတွင် မိမိနိုင်ငံနှင့်သင့်တင့်လျောက်ပတ်သော ဥပဒေများကို အများသဘောတူ ပြဋ္ဌာန်းထားကြသည်။ ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်ပြီး ဖောက်ဖျက်သူများကိုလည်း ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူသည်။

ဒီမိုကရေစီနိုင်ငံများတွင် နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးရှိထိရောက်ပြီး အကာအကွယ်ပေးနိုင်မည့် ဥပဒေများကို အများဆန္ဒနှင့်အညီ လွှတ်တော်မှတစ်ဆင့် ဥပဒေပြုပြဋ္ဌာန်းပေးသည်။ ပြဋ္ဌာန်းထားသောဥပဒေများ အသက်ဝင်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာကိုင်တွယ်နိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက အလေးထားဆောင်ရွက်ကြရသည်။ ပြဋ္ဌာန်းထားသော ဥပဒေများကို သိရှိနားလည်နိုင်ရန်နှင့် လိုက်နာဆောင်ရွက်ပြီး အကျိုးဖြစ်ထွန်းနိုင်ရေးကို နိုင်ငံသူ နိုင်ငံသားများက ဆောင်ရွက်ကြရသည်။ ဥပဒေထိန်းကျောင်းသူ၊ လိုက်နာဆောင်ရွက်သူ ဆီလျော်မျှတရှိပါမှ အဆိုပါနိုင်ငံသည် အေးချမ်းသာယာဝပြောမှုရှိမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ စတင်တာဝန်ယူဆောင်ရွက်သည့် အချိန်မှစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝ တိုးတက်ဖြစ်ထွန်းစေရေးတို့အတွက် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ခေတ်စနစ်နှင့်လျော်ညီစေမည့်ဥပဒေများ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ပြီး နိုင်ငံနှင့်ပြည်သူ အကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေများကို ပြည်သူများ သိရှိနားလည်လိုက်နာဆောင်ရွက်နိုင်ရေးနှင့် ဥပဒေကို ထိန်းကျောင်းသူ၊ ကိုင်တွယ်အသုံးပြုသူများ စနစ်တကျရှိစေရေးအတွက် ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ယခုအခါ ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်းကို ဖွင့်လှစ်ပေးလိုက်နိုင်ပြီဖြစ်ရာ နိုင်ငံတော်အတွက်အကျိုးရှိမည့် ဥပဒေအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးနိုင်မည့်ရပ်ဝန်းတစ်ခု ပေါ်ပေါက်လာပြီဖြစ်သည်။ အများပြည်သူတို့အနေဖြင့် ပြဋ္ဌာန်းထားသော ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိသေးသည့်ကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကျောင်း ဖွင့်လှစ်ပွဲအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က “မိမိတို့နိုင်ငံသည် စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေခြင်းဖြစ်သဖြင့် ဥပဒေကို နိုင်ငံသားတိုင်း သိရှိနားလည်လိုက်နာရန်လိုအပ်ပြီး ဥပဒေပညာရပ်များကို ကျယ်ပြန့်စွာသင်ကြားပေးနိုင်ရေးနှင့် အသိပညာပေးရေးသည်လည်း အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ လူတိုင်းလူတိုင်း ဥပဒေပညာရှင် မဖြစ်နိုင်သော်လည်း ဥပဒေပညာကို သိရှိနားလည်ထားမှသာ လူမှုဘဝမြှင့်တင်မှုများတွင် အကျိုးရှိစွာအသုံးချနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အခြေခံလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေအသိပညာရှိကြရန် လိုအပ်သကဲ့သို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရာတွင်လည်း စီမံခန့်ခွဲမှု ဆောင်ရွက်သူများအနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြရန် လိုအပ်ကြောင်း”ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဥပဒေအသိပညာပြန့်ပွားရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဥပဒေရေးရာ ကိုင်တွယ်ဆောင်ရွက်မှုများတွင် အမှားအယွင်းနှင့် အပြစ်ကင်းစင်ပြီး ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးရှိထိရောက်သည့် လုပ်ဆောင်ချက်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဆောင်ကြဉ်းပေးစွမ်းနိုင်မည်ဖြစ်ပါကြောင်း။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## လွဲကြ၊ မှားကြ၊ ‘က’ နှင့် ‘မှ’။ လွဲလွဲမှားမှား၊ ‘ကို နှင့် အား’

‘က’ နှင့် ‘မှ’ အသုံးအနှုန်းလွဲမှားတတ်ကြသည်။ ‘ကို’ နှင့် ‘အား’ လည်း အသုံးအနှုန်း လွဲမှားတတ်ကြသည်။ ‘က’ နှင့် ‘မှ’ အသုံး လွဲမှားတတ်ကြသည်ဟု ဆိုရာတွင်လည်း ‘မှ’ ကို သုံးရမည့်နေရာတွင် ‘က’ ကို သုံးပြီး လွဲမှားကြခြင်းမျိုးမဟုတ်ဘဲ ‘က’ ကို သုံးရမည့်နေရာတွင် ‘မှ’ကို တွင်တွင်ကြီး မှားသုံးကြခြင်းဖြစ်သည်။ မလိုအပ်ဘဲ တစ် ‘မှ’ တည်း ‘မှ’ နေကြသော အလွဲများ၊ အမှားများဖြစ်သည်။

‘ကို’ နှင့် ‘အား’ အသုံးအနှုန်း လွဲမှားတတ်ကြသည်မှာလည်း ‘အား’ ကို သုံးရမည့်နေရာတွင် ‘ကို’ ကို မှားသုံးကြခြင်းမျိုး မဟုတ်ဘဲ ‘ကို’ ကိုသုံးရမည့်နေရာတွင် ‘အား’ ကို တွင်တွင်ကြီး မှားသုံးကြခြင်းဖြစ်သည်။ ‘အား’ များလေလေ ကောင်းလေလေဟုထင်ပြီးများ တစ် ‘အား’ တည်း ‘အား’ နေကြရော့လေသလားဟုပင် ထင်ရလောက်ပေသည်။

‘က’နှင့် ‘မှ’၊ ‘ကို’ နှင့် ‘အား’ အသုံးမမှားသင့်ကြောင်းကို သူသူငါငါလူတကာကို ပြောကြ ဟောကြ ရေးသားကြသည်ကို နာရ ကြားရ ဖတ်ရှုရသည့်အကြိမ်ပေါင်းလည်း များလှချေပြီ။ သို့ရာတွင် ‘က’ နှင့် ‘မှ’ ၊ ‘ကို’ နှင့် ‘အား’ ကို လွဲလွဲမှားမှား အသံလွှင့်ကြဆဲ၊ ရေးသားနေကြဆဲဖြစ်သည်ကို ရှောင်မရ လွှဲမရ၊ ကြားနေ ဖတ်နေရသည်မှာ အတော်ပင် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ပေသည်။

‘ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့် လျှာပြတ်အောင်၊ ဟောသော်လည်း၊ ဟောရင်းသာပျံ့တော်မူရမည်’ ဟူ၍ ဆရာကြီးစလေ ဦးပုည ညည်းသကဲ့သို့ ညည်းညူရင်း၊ ‘ကြောင်းကျိုးခိုင်လှ၊ သာဓကဖြင့် ထုတ်ပြကာ ရေးသော်လည်း၊ ရေးရင်းသာ ကလောင်တုံးပြီး၊ သေဆုံးဖွယ်ရှိချေတော့မည်’ ဟု သက်ပြင်းချရင်းပင် ဤဆောင်းပါးကို ရေးလိုက်ရပြန်ပါသည်။

ဦးစွာပထမ ‘က’ နှင့် ‘မှ’ အကြောင်းကို ရှင်းပါမည်။ ‘က’ နှင့် ‘မှ’ အကြောင်းကို မရှင်းမီ ဝါစင်္ဂနှင့်ဝိဘတ်အကြောင်းကို နိဒါန်းပျိုးလိုပါသည်။

မြန်မာသဒ္ဒါတွင် ဝါစင်္ဂ ၉ ပါးရှိသည်ဟု မြန်မာစာအဖွဲ့က ဆိုထားပြီးဖြစ်ပါသည်။ ယင်းတို့မှာ ‘နာမ်၊ နာမ်စား၊ ကြိယာ၊ နာမဝိသေသန၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဍိတ်’ တို့ဖြစ်ကြသည်။ ဝါစင်္ဂ ၉ ပါးတွင်ဝိဘတ်သည် ဝါစင်္ဂတစ်ပါးဖြစ်သည်။ ဝိဘတ်ဆိုသည်မှာ ‘နာမ်၊ နာမ်စားတို့၏ နောက်၌တည်၍ ၎င်းတို့သည် ကတ္တားဖြစ်သည်၊ ကံဖြစ်သည် စသည်ကိုလည်းကောင်း၊ ကြိယာ၏နောက်၌တည်၍ ၎င်း ကြိယာ၏ကာလနှင့် အမျိုးအစားကိုလည်းကောင်း ဝေဖန်ပိုင်းခြားပြသော စကားလုံး’ ဖြစ်သည်ဟု ဖွင့်ပြထားပါသည်။ ဝိဘတ်ကို နာမ်ဝိဘတ်နှင့် ကြိယာဝိဘတ်ဟူ၍ နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်ကိုလည်း ရှင်းပြထားပါသည်။ နာမ်ဝိဘတ်ကို အနက်အဓိပ္ပာယ်အရ ၁၇ မျိုး ခွဲခြားမှတ်ယူနိုင်ကြောင်းကိုလည်း ကျောင်းသုံးမြန်မာသဒ္ဒါကျမ်းများတွင် အကျယ်တဝင့် ရှင်းလင်းပြဆိုထားပါသည်။ ဤတွင် ‘က’ ဝိဘတ်၊ ‘မှ’ ဝိဘတ်၊ ‘ကို’ ဝိဘတ်၊ ‘အား’ ဝိဘတ်တို့ဆိုင်ရာ ဝိဘတ်များအကြောင်းကို ရှင်းပြရန်လိုလာပါသည်။

‘က’ ဝိဘတ်ကို (၁) ကတ္တားဝိဘတ်၊ (၂) ထွက်ခွာရာပြဝိဘတ်၊ (၃) နေရာပြဝိဘတ်၊ (၄) အချိန်ပြဝိဘတ်အဖြစ် သုံးပါသည်။

၁။ **ကတ္တားဝိဘတ် ‘က’** ။ ။ ဆရာ “က” တပည့်ကို ဆုံးမသည်ဟူသောဝါကျတွင် ဆုံးမသူ(ကတ္တား)သည် ဆရာဖြစ်ကြောင်း ‘က’ ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ဆရာ ‘က’ လူပျိုကြီးဖြစ်သည်ဟူသော ဝါကျတွင် လူပျိုကြီးဖြစ်သည်ဟူသော (ကတ္တား)မှာ ဆရာဖြစ်ကြောင်း ‘က’ ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ဆရာ ‘က’ ကျောင်း၌ တစ်နေ့လုံးရှိသည်ဟူသော ဝါကျတွင် ကျောင်း၌တစ်နေ့လုံးရှိသူ(ကတ္တား)မှာ ဆရာဖြစ်ကြောင်း ‘က’ ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်။ ပြုသူဖြစ်သူရှိသူ(ကတ္တား)မှာ ဆရာဖြစ်ကြောင်းကို ‘က’ ဝိဘတ်က ဝေဖန်ပိုင်းခြားပြသည်ကို တွေ့နိုင်ပါသည်။

၂။ **ထွက်ခွာရာပြဝိဘတ် ‘က’**။ ။ သူမန္တလေး‘က’ပြန်လာပြီ။ သူ မန္တလေး ‘က’ ပြန်လာတယ်။ ယင်းဝါကျ နှစ်ခုသည် တစ်ခုက အရေးဝါကျ၊ တစ်ခုက အပြောဝါကျ ဖြစ်သည်။ အရေးဝါကျတွင်ဖြစ်စေ၊ အပြောဝါကျတွင်ဖြစ်စေ၊ ‘က’ ကို ထွက်ခွာရာပြဝိဘတ်အဖြစ် သုံးနိုင်သည်။ အဆိုပါ ဝါကျနှစ်ခုတွင် သူထွက်ခွာလာရာအရပ်မှာ မန္တလေးဖြစ်ကြောင်း ထွက်ခွာရာပြဝိဘတ် ‘က’ က ဝေဖန်ပိုင်းခြားပြသည်။

(ဆက်လက်ဖော်ပြပါမည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀-၄-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၇၃ | ၆၃၉,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၂,၀၁၉ | ၅,၈၅၅,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၄၅၀ | ၁,၄၅၀ | ၄၅၈ | ၆၆၄,၆၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၄၇ | ၄၀၄,၂၅၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၄ | ၁၂၅,၈၀၀ |
| AMATA | ၄,၅၀၀ | ၄,၆၀၀ | ၁၅ | ၆၇,၈၀၀ |
| MAEX | ၂,၀၅၀ | ၂,၀၅၀ | ၂,၃၀၈ | ၄,၇၂၈,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကို အလေးထား အားပေးမြှင့်တင်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာယ၊ ဉာဏစွမ်းအားဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုလျက်ရှိသည့် နိုင်ငံတော်၏ အရေးပါသည့် အင်အားစုကြီးဖြစ်သော အလုပ်သမားကြီးများအား အသိအမှတ်ပြုဂုဏ်ပြုသည့်အနေဖြင့် ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမား နေ့တွင် ဤသဝဏ်လွှာကို ဂုဏ်ယူဝမ်းမြောက်စွာ ပေးပို့အပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ပေးနိုင်သည့်အပြင် လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

MSME လုပ်ငန်းများအတွက် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်လုပ်သားများရရှိရန် လိုအပ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတွင်း၌သာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်၍ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများ တည်ထောင်နိုင်ရေး အားပေးကူညီခြင်း၊ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ Skill Labour များရရှိရန် ပညာရေးကို အားပေးမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

လုပ်သားအင်အားကို အခြေပြုသည့်အထည်ချုပ်လုပ်ငန်းများသည် နိုင်ငံသားများအား အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်ခြင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ဖြည့်စွမ်းပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းကဏ္ဍများ အောင်မြင်စေရန်၊ ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်းအပါအဝင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့် အခွင့်အလမ်းကောင်း များစွာရှိပြီးဖြစ်သည့်အတွက် ယင်းအခွင့်အလမ်းကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးချ၍ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်း ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ပြည်ပမှ ကုန်ပစ္စည်းများ ဝယ်ယူတင်သွင်းသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစု၏ စွမ်းဆောင်မှုသည်အဓိကဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အား၊ ဉာဏ်အားရှိသရွေ့ အစွမ်းကုန်အားထုတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အားရဖွယ်ရာ တွေ့ရှိရပါသည်။

ပြည်တွင်းထုတ်ကုန်တိုးမြှင့်ရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားတို့အကြား အပြန်အလှန် အသိအမှတ်ပြုမှုနှင့် သဟဇာတဖြစ်မှုတို့ လိုအပ်ပါသည်။ ထိုသို့ညှိနှိုင်းဆောင်ရွက်နိုင်ရန် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင် အဖွဲ့အစည်း ၂၈ ဖွဲ့တို့ကို အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယင်းအဖွဲ့အစည်းများကို ကိုယ်စားပြုသည့် အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာကိစ္စရပ်များတွင် အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင် ကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရှိရပြီး အကျိုးရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါသည်။

**☆ မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျအသုံးချနိုင်ရန် ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး၍ အလုပ်သမားများကို စေလွှတ်ပေးလျက်ရှိ**

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ပြည်ပရောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျအသုံးချနိုင်ရန် ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုး၍ အလုပ်သမားများကို စေလွှတ်ပေးလျက်ရှိပါသည်။ ထိုကဲ့သို့ အလုပ်သမားအများစု သွားရောက်လုပ်ကိုင်သည့်နိုင်ငံများတွင် အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေး၍ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများစွမ်းအားပြည့်လည်ပတ်နိုင်ခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီး (၃)ရုံ၊ လူမှုဖူလုံရေးဆေးခန်း (၉၆)ခန်း၊ ဌာနကြီးဆေးခန်း (၆၀)၊ တိုင်းရင်းဆေးခန်း(၁)ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း(၆၄)ခန်း၊ ရွေ့လျားဆေး ကုသယာဉ် (Mobile Medical Unit)(၂)စီးတို့ဖြင့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**☆ နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကြီးများ၏ လူမှုစီးပွားဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုများ တိုးတက်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကဏ္ဍများတွင်ပါ တစ်ပြိုင်တည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်ဖြင့် အလုပ်သမားဆေးရုံကြီး (၃)ရုံ၊ လူမှုဖူလုံရေးဆေးခန်း (၉၆)ခန်း၊ ဌာနကြီးဆေးခန်း (၆၀)၊ တိုင်းရင်းဆေးခန်း(၁)ခန်း၊ ပုဂ္ဂလိက ဆေးရုံဆေးခန်း(၆၄)ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit)(၂)စီးတို့ဖြင့် အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ**

စက်ရုံ၊ အလုပ်ရုံနှင့်အလုပ်ဌာနများမှ အလုပ်သမားကြီးများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ပေးရာတွင် လုပ်ငန်းစီမံခန့်ခွဲသူများ အနေဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်တွေအပေါ် အလေးထားမှု၊ ကိုယ်စီစည်းကမ်းလိုက်နာမှုတို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network–ASEAN–OSHNET)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားအကြားဖြစ်ပွားသော အငြင်းပွားမှုများကိုဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်စွာဖြေရှင်းနိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နည်းလမ်းကောင်းနှင့် ရလဒ်ကောင်းများဖော်ထုတ် နိုင်စေရန် မျှော်မှန်း၍ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာနှီးနှောဖလှယ်ပွဲများ ကျင်းပပေးလျက်ရှိရာ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြပါသည်။

လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမားများအနေဖြင့် မိမိတို့လုပ်ငန်းခွင်အတွင်း အလုပ်သမားရေးရာနှင့်ပတ်သက်သည့် အငြင်းပွားမှုများအား လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းခြင်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့်ဆွေးနွေးညှိနှိုင်းမှုတို့ကြောင့် ရေရှည်တွင် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံ ဖြစ်လာရေး၊ ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားကြီးများက နိုင်ငံတော်အစိုးရနှင့်အတူ ပါဝင်ကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းပါကြောင်းနှင့် ပြည်သူတိုင်းက ထာဝစဉ်တန်ဖိုးထားသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ မြန်မာ-ထိုင်းမှ

ပုံမှန်လည်ပတ်နေပြီဖြစ်သော်လည်း MoU စနစ်ဖြင့် တစ်ဖက်နိုင်ငံသို့ သွားရောက်လုပ်ကိုင်နေသည့် လုပ်သားများကို ကြိုဆိုနေရာချထားရေး လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန် တင်ပြထားပြီးဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။

မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်အတွက် အခွန်ဝင်ငွေအားဖြင့်မြန်မာငွေ ကျပ် ၄၁၄၆၅ ဒသမ ၆၉၉ သန်း၊ အခြားအခွန်ရငွေ ကျပ် ၄၄၈၅ ဒသမ ၂၆၅ သန်း စုစုပေါင်း အခွန်ငွေကျပ် ၄၅၉၅၀ ဒသမ ၉၆၄ သန်းတိတိ ရှာဖွေပေးနိုင်ကြောင်းနှင့် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအား ယခင်နှစ်ထက် ပိုမိုဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သည့် မစ္စတာ အဘ်ဟေး တာကူးရ် အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ အဘ်ဟေး တာကူးရ် အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပေါင်းစည်းချိတ်ဆက်မှု အပါအဝင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသတစ်လျှောက် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းလင်းအသိပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဧပြီ ၃၀**

နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင် ပုံနှိပ်စက်များတွင် စနစ်တကျ အပ်နှံ လုပ်ဆောင်ရေးအတွက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး၊ အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခင်အစဉ်အဆက်မှစတင်၍ စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်ကြောင်း၊ ယခုအချိန်တွင် အစိုးရဌာနများမှ ရိုက်နှိပ်ရမည့် စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကကပြည်တို့က ပုံနှိပ်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားထားပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက **ဘတ်ဂျက်အသုံးပြုရသည့် ပုံနှိပ်စာအုပ်များ ရိုက်နှိပ်ခြင်းအား ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကကပြည်မှသာ ဆောင်ရွက်ပြီး လုပ်ငန်းမနိုင်မှသာ ပြင်ပသို့အပ်နှံရန်**ဟု ညွှန်ကြားမှုပြုခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ အထက်ပါ ညွှန်ကြားချက်နှင့်အညီ စာအုပ်စာစောင် ရိုက်နှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီစာပေတိုက်အပါအဝင် ပုံနှိပ်တိုက်များတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ပုံနှိပ်တိုက်များတွင် လည်းကောင်း၊ သာသနာရေးဦးစီးဌာနရှိ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် လည်းကောင်း လုပ်ငန်းအပ်နှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် မဖြစ်မနေ အခြေအနေမှသာ ပြင်ပ၌ ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်နိုင်ပါရန် ဝန်ကြီးဌာနများသို့ ထပ်ဆင့်အကြောင်းကြားထားရခြင်းဖြစ်ပါကြောင်း။

ညွှန်ကြားချက်များအပေါ် မူတည်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြခဲ့ပြီး ခွင့်ပြုသည့်အတွက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ အပ်နှံသည့်လုပ်ငန်းများ အဆင်ပြေစေရန် မိမိတို့၏ လုပ်နိုင်စွမ်းအားနှင့် Demand လိုအပ်ချက်ကို အတတ်နိုင်ဆုံး ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ဝန်ကြီးဌာနများအနေဖြင့် နားလည်မှုနှင့် ညီညီညွတ်ညွတ် ပေါင်းစည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က လက်ရှိအခြေအနေတွင် အစိုးရဌာနဆိုင်ရာများက ပုံနှိပ်လုပ်ငန်းအပ်နှံနေပြီး ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မူဝါဒအရ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်ပြီး ဌာနများအနေဖြင့် အပ်နှံရန်လျာထားမှု လုပ်ငန်းပမာဏ ရိုက်နှိပ်နိုင်မှုအခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ဆောင်ရွက်မှု၊ ပုံနှိပ်စက်များ၏ အခြေအနေ၊ ဆောင်ရွက်နိုင်မှုလုပ်ငန်းပမာဏ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက ပုံနှိပ်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ပုံနှိပ်စက်များ တပ်ဆင်ထားရှိမှု၊ ပုံနှိပ်ဆောင်ရွက်သည့်စနစ်၊ ပုံနှိပ်စက်များ၏ စွမ်းအားနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရှိ ပုံနှိပ်စက်များ၏ အခြေအနေ၊ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစိုးရဆိုင်ရာ ပုံနှိပ်လုပ်ငန်းများစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။ **မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဧပြီ ၃၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်ဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ စောင့်ကြည့် လေ့လာရေးခရီးစဉ် သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် လေ့လာသိရှိ တတ်ကျွမ်းခဲ့ရသည့် အတွေ့အကြုံ ကောင်းများကို ကျန်ရှိသည့်ဝန်ထမ်းများကို မျှဝေပေးခြင်းအားဖြင့် လိုအပ်သည့် အပိုင်းများတွင် အသုံးချဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိပါကြောင်း၊ လေ့လာရေး အတွေ့အကြုံ၊ သင်တန်းအတွေ့အကြုံများသာမက ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာ အချက်အလက် ဗဟုသုတများကိုလည်း ပြန်လည်မျှဝေရန် လိုကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ဖြန့်ဝေနိုင်သော ဝန်ထမ်းများ ရှိပါကလည်း ကော်မရှင်သို့ခေါ်ယူ ဆောင်ရွက်စေလိုကြောင်း၊ ယခုလို အတွေ့အကြုံ မျှဝေခြင်းကို ကော်မရှင်တွင်သာမက ကော်မရှင် အဖွဲ့ခွဲများတွင်လည်း ဆောင်ရွက်နိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲ စောင့်ကြည့် လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ရှင်းလင်းပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သုံးသပ်ချက်အနေဖြင့် လေးချက်ကို ပြောကြားလိုကြောင်း၊ ပထမအချက်အနေဖြင့် ရုရှားသမ္မတရွေးကောက်ပွဲသည် ပြည်သူများ၏ဆန္ဒ အထင်ဟပ်ဆုံးနှင့် ရိုးရှင်းလွယ်ကူစွာ ကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်ကြောင်း၊ ဒုတိယအချက်အနေဖြင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များသည် တူညီမှုရှိသော်လည်း လုပ်ငန်းစဉ်တစ်လျှောက် ခေတ်မီနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် နိုင်နိုင်နင်းနင်း ထိရောက်စွာ အသုံးပြုနိုင်ခဲ့ကြောင်း၊ တတိယအချက်အနေဖြင့် ရုရှားပြည်သူများ၏ သမ္မတဗလာဒီမာပူတင်အပေါ် ယုံကြည်မှုအား အလွန်ကောင်းသည်ကို တွေ့ရှိရကြောင်းနှင့် နောက်ဆုံးအချက်အနေဖြင့် ရုရှားနိုင်ငံသည် ဆန့်ကျင်ဘက်အုပ်စုနိုင်ငံများ၏ ရွေးကောက်ပွဲဆိုင်ရာ ထိုးနှက်ချက်များအပေါ် နိုင်ငံပေါင်း ၁၂၉ နိုင်ငံမှ ရွေးကောက်ပွဲကော်မရှင်များအား စောင့်ကြည့်လေ့လာရေးအဖွဲ့များအဖြစ် ဖိတ်ကြား၍ ရွေးကောက်ပွဲကို လက်တွေ့ကျကျ လေ့လာစေခြင်းဖြင့် တန်ပြန်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အဖွဲ့အနေဖြင့် လေ့လာရေးခရီး သွားရောက်ခဲ့ခြင်းမှ ရရှိခဲ့သည့် အကျိုးကျေးဇူးများမှာ ခေတ်မီရွေးကောက်ပွဲစနစ်ကို လေ့လာနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အဆွန့်ရှည်ရေး ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲနှင့် လူမှုဖူလုံရေး-ကောင်းဇေ အထွေထွေရောဂါကုဆေးခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ




နေပြည်တော် ဧပြီ ၃၀

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားနှင့် လူမှုဖူလုံရေး-ကောင်းဇေ အထွေထွေရောဂါကု ဆေးခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းရင်းသားရေးရာ ဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အကျိုးဝင် အလုပ်ဌာနများမှ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ ကောင်းဇေဆေးခန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးတို့က မြို့နယ်ရုံးနှင့် ဆေးခန်းတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆေးခန်းနှင့် ရုံးအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း ပင်လုံခန်းမ၌ ကိုရီးယားဘာသာ အရည်အချင်း စစ်ဆေးခြင်း စာမေးပွဲ (EPS-Topik) ဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)ရှိ အဆင့်မြင့်တင် ပြုပြင်မွမ်းမံထားသော ပြင်ပလူနာဌာန ဖွင့်ပွဲအခမ်းအနားကို တက်ရောက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါ ဆေးရုံကြီးရှိ ကျောက်ကပ်တု သွေးသန့်စင်ခန်းတွင် စက်လေးလုံး တပ်ဆင် ကုသပေးနေမှုအခြေအနေနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ပြီး ကျောက်ကပ် ဆေးကြောသည့် လူနာများကို အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလုပ်သမား ဆေးရုံကြီး (ရန်ကုန်)ရှိ ကျောက်ကပ်တု သွေးသန့်စင်ခန်းတွင် စက်လေးလုံးတပ်ဆင်ပြီး တစ်ရက်ရှစ်ယောက်နှုန်းဖြင့် တနင်္ဂနွေနေ့မပါ အာမခံအလုပ်သမားများကို အခမဲ့ ကျောက်ကပ်ဆေးကြောပေးလျက်ရှိပြီး အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင်လည်း အလားတူ ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် အကျိုးဝင် အာမခံ အလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး သုံးရုံကို ဆောက်လုပ်ပြီး အာမခံအလုပ်သမားများအတွက် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၌ ပြင်ပလူနာဌာနနှင့် ကျောက်ကပ်တု သွေးသန့်စင်ခန်း အဆင့်မြှင့်တင်မွမ်းမံခြင်းများကို လူမှုဖူလုံရေးအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၃၇ ဒသမ ၆၇ သန်းဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အကျိုးဝင် အာမခံအလုပ်သမားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများကို အလွယ်တကူ လက်လှမ်းမီရယူနိုင်စေရန် ပုဂ္ဂလိကနှင့်ပူးပေါင်း၍ စာချုပ်ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးဝန်ဆောင်မှုထောက်ပံ့ ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် Capitation Payment စာချုပ်ဆေးခန်း ၁၅ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၄၉ ခန်း၊ Specialist OG OPD ပြသနိုင်သော ဆေးခန်း ၃၈ ခန်း၊ မီးဖွားခြင်းနှင့်ဆိုင်သော ဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ/သားဖွားခန်း ၁၅ ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကျိုးဝင် အာမခံ အလုပ်သမားပေါင်း ၈၉၂၇၉၇ ဦးအတွက် လူမှုဖူလုံရေး ဆေးခန်း ၁၅ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၃၄ ခန်း၊ Capitation Payment စာချုပ်ဆေးခန်း ခုနစ်ခန်းနှင့် Specialist OG OPD ပြသနိုင်သောဆေးခန်း ၂၆ ခန်း ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ် မတ်လအထိ လူနာဦးရေ ၈၄၄၄၇ ဦးကို ဆေးဖိုးငွေကျပ် ၅၀၈၆ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်းခြံကုန်းမြို့နယ်၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မည့်ကျေးရွာများ ရွေးချယ်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)နှင့် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village)များ ရွေးချယ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက စီမံကိန်းအလိုက် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကျေးရွာရွေးချယ်ပွဲသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးရဲတင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၃) ဦးကျော်သူရနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်း ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ရန် သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ခုနစ်ရွာ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းတစ်ရွာ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (Smart Village)တစ်ရွာ စုစုပေါင်း ကိုးရွာကို အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဝါကြိတ်စက် စက်မှုလုပ်ငန်း၏ လမ်းကြောင်းအသစ်များ

ကိုချင်း

**ကမ္ဘာ့အဆင့်ဝါကြိတ်ခြင်းအား ခြုံငုံသုံးသပ်ချက်**

ဝါသည် ကမ္ဘာတစ်ဝန်းတွင် စိုက်ပျိုးထုတ်လုပ်သော သီးနှံတစ်မျိုးဖြစ်ပြီး ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကို တွန်းအားပေး မောင်းနှင်ပါသည်။ ဝါဂွမ်း၏သမိုင်းသည် မှတ်တမ်းတင်ထားသော သမိုင်းထက် သက်တမ်းပိုကြီးပြီး ၎င်းသည် စက်မှုပြုပြင်ပြောင်းလဲရေးကို လှုံ့ဆော်ပေးကာ ကမ္ဘာ့ရေပန်းအစားဆုံး သဘာဝမှရရှိသည့်အမျှင် (Fibre) ဖြစ်ပါသည်။ ၎င်းကိုအသုံးပြုရန် ပြင်ဆင်ရာတွင် ဝါကြိတ်ခြင်းသည် ဝါခူးဆွတ်ပြီးနောက် ဝါစေ့နှင့်အမျှင်ကို ခွဲထုတ်သည့် ပထမဆုံးလုပ်ငန်းစဉ်ဖြစ်ပါသည်။

ပညာရှင်တို့၏ ပြောကြားချက်အရ ဝါကြိတ်ခြင်းသည် ဝါစေ့များနှင့်အမျှင်များကို ခွဲထုတ်သည့် လုပ်ငန်းစဉ်ကို ရည်ညွှန်းပါသည်။ **ဝါကြိတ်စက် (Cotton Gin)**၏ အဓိကလုပ်ငန်းဆောင်တာသည် စိုက်ပျိုးသီးနှံကို ရောင်းရလွယ်ကူသောကုန်စည်အဖြစ်သို့ ပြောင်းလဲပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၎င်းသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှုတို့အကြား ပေါင်းကူးတံတားဖြစ်ပါသည်။

တစ်ချိန်က ဝါကြိတ်စက်၏တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဝါစေ့နှင့်အမျှင်များကို ခွဲထုတ်ရန်ဖြစ်ပါသည်။ သို့သော် ယနေ့ခေတ်တွင် ဝါကြိတ်စက်သည် ပိုမိုလုပ်ဆောင်ရန် လိုအပ်ပါသည်။ စက်ဖြင့်ခူးဆွတ်ထားသောဝါများကို ရောင်းအားကောင်းသည့် ထုတ်ကုန်အဖြစ် ပြောင်းလဲရန်အတွက် ယနေ့ခေတ် ဝါကြိတ်စက်များသည် ဝါစေ့ကိုအခြောက်ခံကာ သန့်စင်ရန်၊ အစေ့နှင့်အမျှင်များကို ခွဲထုတ်ကာ အမျှင်များကို ထပ်မံသန့်စင်၍ ကုန်သွယ်မှုအတွက် လက်ခံနိုင်သည့် ထုပ်ပိုးပုံစံဖြင့် ထားရှိရမည်ဖြစ်ပါသည်။

ဝါကြိတ်စက်သည် ငွေသားတန်ဖိုးရသည့် အမျှင်နှင့် ဝါစေ့ထုတ်ကုန်နှစ်ခုကို ထုတ်လုပ်ပါသည်။ ဝါစေ့များကို များသောအားဖြင့် အရေးကြီးသော တန်ဖိုးရှိထုတ်ကုန်များအဖြစ် ပြောင်းလဲရန်အတွက် ဝါစေ့ဆီစက်များသို့ ရောင်းချသော်လည်း အချို့ကိစ္စများတွင် ၎င်းတို့ကို စိုက်ပျိုးရန်အတွက် သိမ်းဆည်းထားနိုင်ပါသည်။ အမျှင်များသည် ပိုပြီးတန်ဖိုးရှိသော ထုတ်ကုန်များဖြစ်ပြီး ဝါကြိတ်စက်များ၏ ဒီဇိုင်းနှင့် လည်ပတ်ထုတ်လုပ်မှုသည် အမျှင်ထုတ်လုပ်မှုကို ပိုပြီးဦးတည်လေ့ရှိပါသည်။ အနှစ်သာရအားဖြင့် ခေတ်မီဝါကြိတ်စက်များသည် အစေ့နှင့် အမျှင်များကိုခွဲထုတ်ကာ အမျှင်၏မူလအရှည်အသွေးများကို တတ်နိုင်သမျှနီးပါး ထိန်းသိမ်းကာ မလိုလားသည့် အမှိုက်သရိုက်များကို ဖယ်ရှားခြင်းဖြင့် ဝါဂွမ်း၏ တန်ဖိုးကို မြှင့်တင်ပေးခြင်းဖြစ်ပါသည်။

လယ်ကွင်းအတွင်းရှိ ရင့်မှည့်ပြီး ပွင့်အာလာ



သည့် ဝါသီးကို ဆန်းစစ်ကြည့်သောအခါ ပိုးမွှားများ၊ အမှိုက်များနှင့် အခြားအပြစ်အနာအဆာများ ကင်းစင်သော လှပသောပိုးသားမျှင်များကို တွေ့ရှိရပါသည်။ လက်ဖြင့် ဝါကြိတ်ခြင်းဖြင့် နောက်ဆုံးတွင် ကျွန်ုပ်တို့ အလိုရှိသည့် အမျှင်၏ အမြင့်ဆုံးအရည်ကိုရရှိနိုင်ပြီး အထည်များ သို့မဟုတ် အခြားထုတ်ကုန်များပြုလုပ်ရန် အကောင်းဆုံးဖြစ်အောင်ပြုလုပ်ထားသော ချည်မျှင်များကို ထုတ်လုပ်ရန် အသုံးပြုနိုင်ပါသည်။ သို့သော်လည်း ပမာဏများများ ခူးဆွတ်ပြီးနောက် ဝါကြိတ်စက်ရုံတွင် တူညီသောပမာဏကို စက်ဖြင့် စီမံဆောင်ရွက်သောအခါ အမှိုက်များနှင့် အစိုဓာတ်အမျိုးမျိုးပါဝင်ပြီး တန်ဖိုးနည်းသော ထုတ်ကုန်ဖြစ်သည့် အမျှင်တိုသောအမျှင်ကို ရရှိပါသည်။

အရှည်အသွေးမြင့် ချည်မျှင်ကုန်ကြမ်းဖြင့်သာ ကောင်းသောအထည်များကို ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့အားလုံး သိပါသည်။ ထို့အပြင် ဝါဂွမ်းပြုလုပ်ရာတွင် ယှဉ်ပြိုင်မှုရှိပြီး လက်ခံနိုင်ဖွယ်ရှိသော ဝါဂွမ်း၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် ဝါကြိတ်လုပ်ငန်းစဉ်တွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် မူလအမျှင်အရှည်အသွေးများအတိုင်း ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ရည်မှန်းချက်ပြည့်မီရန် ကြိုးပမ်းအားထုတ်သင့်ပါသည်။

> **“အရှည်အသွေးမြင့် ချည်မျှင်ကုန်ကြမ်းဖြင့်သာ ကောင်းသောအထည်များကို ပြုလုပ်နိုင်သည်ကို ကျွန်ုပ်တို့အားလုံးသိပါသည်။ ထို့အပြင် ဝါဂွမ်းပြုလုပ်ရာတွင် ယှဉ်ပြိုင်မှုရှိပြီး လက်ခံနိုင်ဖွယ်ရှိသော ဝါဂွမ်း၏ ထုတ်လုပ်မှုကုန်ကျစရိတ်သည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ထို့ကြောင့် ဝါကြိတ်လုပ်ငန်းစဉ်တွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် မူလအမျှင်အရှည်အသွေးများအတိုင်း ထိန်းသိမ်းလုပ်ဆောင်ခြင်းဖြင့် ရည်မှန်းချက်ပြည့်မီရန် ကြိုးပမ်းအားထုတ်သင့်”**

စက်ပစ္စည်းရွေးချယ်မှုနှင့် ဒီဇိုင်းစနစ်အတွက် အမျှင်ရှည်မှုလွဲ၍ အမျှင်၏သေးသွယ်မှုနှင့် ရင့်မှည့်မှု (micronaire)၊ အစိုဓာတ်ပါဝင်မှု၊ အမှိုက်ပါဝင်မှုနှင့် ကွဲပြားခြားနားသောနိုင်ငံ သို့မဟုတ် နေရာဒေသများ၏ သယ်ယူပို့ဆောင်ရေးအလေ့အထများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဝါဂွမ်းထုတ်လုပ်မည့် အစိုးရ၏မူဝါဒများ၊ စိတ်ကြိုက်နည်းလမ်းဖြင့် ဝါကြိတ်ခြင်း၊ ပုဂ္ဂလိကပိုင် သို့မဟုတ် အစိုးရပိုင် ဝါကြိတ်ခြင်းအပြင် ငွေကြေးထောက်ပံ့မှုပုံစံများကဲ့သို့သော အကြောင်းအရာများသည် ဝါစက်ပိုင်ရှင်များက ဝါကြိတ်မည့် နည်းလမ်းနှင့် ဝါကြိတ်ကိရိယာများ ရွေးချယ်မှုအပေါ် လွှမ်းမိုးမှုရှိမည်ဖြစ်ပါသည်။

ဝါကြိတ်ကိရိယာများကိုရွေးချယ်ရန် အကောင်းဆုံးနည်းလမ်းမှာ နည်းပညာဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်ဖြစ်ပါသည်။ ဤစံနှုန်းများကို အခြေခံ၍ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းပြုလုပ်မှုသည် ရှည်လျားသော/ ပိုရှည်လျားသော ဝါချည်မျှင်အတွက် အလွန်အကျိုးရှိကြောင်း သက်သေပြခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သဘာဝအမျှင် အရှည်အသွေးများကို အမြင့်ဆုံးအထိ ထိန်းသိမ်းပေးပြီး လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning) နှင့် နှိုင်းယှဉ်လျှင် အမျှင်ပျက်စီးမှု အနည်းဆုံးဖြစ်စေသောကြောင့် ဖြစ်ပါသည်။

အစေ့နှင့် အမျှင်များကို ခွဲထုတ်ရန် **ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Roller Ginning)** သည် ရှေးအကျဆုံး လုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပါသည်။ ရိုးရှင်းသော **ကြိတ်လုံးပါ လက်ကိုင်ဝါကြိတ်စက် (Handheld Roller Gin)** များကို အရှေ့ဖျားနိုင်ငံများတွင် အနည်းဆုံး အေဒီ ၅၀၀ ခန့်ကတည်းက စတင်အသုံးပြုလာခဲ့ကြပါသည်။ မကြာသေးမီအချိန်များက ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်း၏ အရေးပါမှုသည် လျင်မြန်စွာတိုးပွားလာနေပြီး ၂၀၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ဝါ၏ ၁၅ ရာခိုင်နှုန်းကိုသာ **ကြိတ်လုံးပါ ဝါကြိတ်စက်(Roller Gin)**ဖြင့် ကြိတ်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ကြိတ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်သည့် ပမာဏသည် ကမ္ဘာတစ်ဝန်း၌ ၃၅ ရာခိုင်နှုန်း ကျော်လွန်သွားပါသည်။

**လွှသွားပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်း (Saw Ginning)** ကဲ့သို့သော အခြားနည်းပညာများထက် ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း၏ အားသာချက်များအား ဝါကြိတ်သူများကို ပို၍ပို၍ဆွဲဆောင်လာခြင်းမှာ ကြိတ်လုံးပါ ဝါကြိတ်စက်အသုံးပြုမှု ပိုမိုတိုးမြင့်လာမှု၏ နောက်ထပ်တစ်ချက်ဖြစ်ပါသည်။

လက်ရှိ ကမ္ဘာတစ်ဝန်းတွင် ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာ သုံးမျိုးရှိပါသည်-

၁။ **ကြိတ်လုံး တစ်လုံးပါ ဝါကြိတ်စက် (Single Roller (McCarthy))**

၂။ **ကြိတ်လုံးတစ်လုံးနှင့် လည်နေသော ဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Single Roller Rotobar Rotary Knife Roller)**

၃။ **ကြိတ်လုံး နှစ်လုံးပါ ဝါကြိတ်စက် (အလုံပိတ်) (Double Roller (close type))**

အစေ့နှင့်အမျှင်ကို ဖယ်ရှားသည့်နည်းလမ်းများမှာ သိသိသာသာကွဲပြားပါသည်။ ကြိတ်လုံးပါ ဝါကြိတ်စက် အမျိုးအစားတစ်ခုစီတွင် အမျှင်နှင့် အစေ့၏ ဝိသေသလက္ခဏာများနှင့် စွမ်းရည်လိုအပ်ချက်များအပေါ် အခြေခံ၍ ကွဲပြားခြားနားသော ဝါဂွမ်းမျိုးကွဲများအား ကြိတ်ခြင်းအတွက် သင့်လျော်သော ဒီဇိုင်းနှင့် စွမ်းဆောင်ချက်များရှိပါသည်။

**“ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်း (Roller Ginning)”** ဟူသော အသုံးအနှုန်းကို အထက်တွင်ဖော်ပြထားသော နည်းပညာသုံးမျိုးတွင် အသုံးများသောကြောင့် ပြည့်စုံသောဖော်ပြချက်မရှိပါက ဒေသတစ်ခုတွင် ကြိတ်လုံးပါ ဝါကြိတ်စက် နည်းပညာအမျိုးအစား တစ်ခုတည်းကိုသာ သိရှိနိုင်ပြီး ရှုပ်ထွေးနိုင်သည်ဟု ယူဆနိုင်ပါသည်။ ကြိတ်လုံးဖြင့်ဝါကြိတ်ခြင်းသည် လူတို့သိသည့်အရာသာဖြစ်သည်ဟု လူတို့ထင်ကောင်းထင်နိုင်ပြီး ၎င်းသည် လွဲမှားသောကောက်ချက်အချို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ကြိတ်လုံးပါ ဝါကြိတ်စက်အမျိုးအစားတစ်ခုစီ၏ ပြီးပြည့်စုံသော ဖော်ပြချက်များနှင့် ဝိသေသလက္ခဏာများအကြောင်း သိရှိရန်လိုအပ်ပါသည်။

ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းသည် ရှည်လျားသည့်/ ပိုမိုရှည်လျားသည့် ချည်မျှင်မျိုးကွဲများအတွက်သာ သင့်လျော်သည်ဟု ဒဏ္ဍာရီတစ်ခုရှိပါသည်။ သို့သော်လည်း လက်တွေ့စမ်းသပ်မှုများနှင့် ရလဒ်များအရ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာများသည် လည်ပတ်မှုဆိုင်ရာ ချိန်ညှိထားသည့် အပြင်အဆင်များအရ ကုန်းမြင့်ဒေသထွက် အမျှင်လတ်ချည်မျှင်အမျိုးမျိုးအတွက် ကောင်းမွန်ကြောင်းကို ပြသခဲ့ပါသည်။ အမျှင်တို ချည်မျှင်အမျိုးမျိုးအတွက် ကြိတ်လုံးပါ ဝါကြိတ်စက်အချို့ကို ပြုပြင်မွမ်းမံပြီးလည်း အသုံးပြုနိုင်ပါသည်။ ဝါကြိတ်မည့် နည်းလမ်းကို ဆုံးဖြတ်ရာတွင် သွင်းအားစု၏ စွမ်းရည်လိုအပ်ချက်များသည် အရေးကြီးသောအချက်ဖြစ်ပါသည်။

> **“ဝါကြိတ်စက်သည် ငွေသားတန်ဖိုးရသည့် အမျှင်နှင့် ဝါစေ့ထုတ်ကုန်နှစ်ခုကို ထုတ်လုပ်ပါသည်။ ဝါစေ့များကို များသောအားဖြင့် အရေးကြီးသော တန်ဖိုးရှိထုတ်ကုန်များအဖြစ် ပြောင်းလဲရန်အတွက် ဝါစေ့ဆီစက်များသို့ ရောင်းချသော်လည်း အချို့ကိစ္စများတွင် ၎င်းတို့ကို စိုက်ပျိုးရန်အတွက် သိမ်းဆည်းထားနိုင်ပါသည်။ အမျှင်များသည် ပိုပြီးတန်ဖိုးရှိသော ထုတ်ကုန်များဖြစ်ပြီး ဝါကြိတ်စက်များ၏ ဒီဇိုင်းနှင့် လည်ပတ်ထုတ်လုပ်မှုသည် အမျှင်ထုတ်လုပ်မှုကို ပိုပြီးဦးတည်လေ့ရှိပါသည်။ အနှစ်သာရအားဖြင့် ခေတ်မီဝါကြိတ်စက်များသည် အစေ့နှင့် အမျှင်များကိုခွဲထုတ်ကာ အမျှင်၏ မူလအရှည်အသွေးများကို တတ်နိုင်သမျှနီးပါး ထိန်းသိမ်းကာ မလိုလားသည့် အမှိုက်သရိုက်များကို ဖယ်ရှားခြင်းဖြင့် ဝါဂွမ်း၏တန်ဖိုးကို မြှင့်တင်ပေးခြင်းဖြစ်”**

စာမျက်နှာ ၇ သို့

# ညောင်ဦးခရိုင်အတွင်း စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား



နေပြည်တော် ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီးညောင်ဦးခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ လက်ထောက်ဦးစီးမှူးနှင့်အထက် တာဝန်ရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ယမန်နေ့ညနေပိုင်းတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများ မှာကြားသည်။

အလေးထားမှာကြား

ပြည်ထောင်စုဝန်ကြီးက ညောင်ဦးခရိုင်အတွင်း သီးနှံများစိုက်ပျိုးသည့် ဧကနှင့် သီးနှံအမျိုးအစားစာရင်းများအား မိမိတို့သက်ဆိုင်ရာ တာဝန်ကျရာနယ်မြေအထိ ကွင်းဆင်း၍ မှန်ကန်သောကိန်းဂဏန်းအချက်အလက်များ ရယူဆောင်ရွက်ရန်၊ အလားတူ သီးနှံအထွက်နှုန်းများနှင့် အထွက်ပမာဏများကိုလည်း သီးနှံရိတ်သိမ်းချိန်တွင် သတ်မှတ်စနစ်များအတိုင်း ကွင်းဆင်းစစ်ဆေးကောက်ယူ၍ မှန်မှန်ကန်ကန်တင်ပြရန်၊ မိမိတို့တာဝန်ရှိသူများကလည်း လုပ်ငန်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးမည်ဖြစ်ပြီး စာရင်းဇယားများ လိမ်လည်တင်ပြပါက ထိထိရောက်ရောက် အရေးယူမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအားလုံး ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ဘဲ စည်းကမ်းစနစ်ကျနစွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် အထက်အရာရှိဖြစ်သူ၏ မျက်ကွယ်မျက်မှောက်မရှိ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် အလေးထား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသော ဝန်ထမ်းများကို ရင်းနှီးစွာ နှုတ်ဆက်၍ ဝန်ထမ်းများ၏ပြန်လည်တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကျောက်ပန်းတောင်းမြို့မှ ခြောက်မိုင်အကွာရှိ ကျွန်းခင်းကြီးရေလှောင်တမံ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိကာ လုပ်ငန်းစတင်လုပ်ဆောင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာအုပ်မိတ်ဆက်ခြင်းနှင့် စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ရဟန်းတော်စာရေးဆရာ မောင်ဘုန်းရှင် (ကစ္ဆပ) ၏ လူတို့ကျင့်ထုံး တစ်ရာ့သုံး သိမှတ်ဖွယ်ရာကျမ်း စာအုပ်မိတ်ဆက်ခြင်းနှင့် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလပြည့်ဇင်က အဖွင့်မိတ်ဆက်စကားပြောကြားပြီး မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဇော်မင်းထက်က စာရေးသူ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားကာ စာရေးသူ မောင်ဘုန်းရှင် (ကစ္ဆပ) က စာအုပ်ပါအကြောင်းအရာများကို မိတ်ဆက်ပြောကြားသည်။

ထို့နောက် စာအုပ်မိတ်ဆက်ခြင်းနှင့်ပတ်သက်၍ မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ စာရေးသူ မောင်ဘုန်းရှင် (ကစ္ဆပ) ရေးသားသောစာအုပ်များကို မြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက် ငါးတိုက်၊ အခြေခံပညာအထက်တန်းကျောင်း စာကြည့်တိုက်တစ်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စာကြည့်တိုက်တစ်တိုက်၊ မြို့နယ်ပြင်ပ စာကြည့်တိုက်နှစ်တိုက်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီတို့သို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အေးမဥ္ဇူ (ပြန်/ဆက်)

# ရမည်းသင်းမြို့နယ် အိုင်တိုကျေးရွာ၌ သောက်သုံးရေများ လှူဒါန်း

ရမည်းသင်း ဧပြီ ၃၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နွေရာသီရေရှားပါးသည့် ကျေးရွာများအား သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိရာ သောက်သုံးရေရှားပါးသည့် ကျေးရွာဖြစ်သည့် အိုင်တိုကျေးရွာအုပ်စု အိုင်တိုကျေးရွာ၌ ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းလှူဒါန်းကြသည်။

ထိုသို့ကွင်းဆင်းလှူဒါန်းရာတွင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းနှင့် ဝန်ထမ်းများသည် နွေရာသီရေရှားပါးသည့် အိုင်တိုကျေးရွာတွင် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံကာ နွေရာသီကာလ ရေလိုအပ်ချက်များ၊ သောက်သုံးရေ ဖူလုံစွာရရှိစေရန် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ နည်းလမ်းများကိုရှင်းလင်းဆွေးနွေးကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါရေပေးဝေလှူဒါန်းခြင်းကို အိုင်တိုကျေးရွာရှိ အိမ်ခြေ ၄၅၂ အိမ်၊ လူဦးရေ ၁၉၈၈ ဦးတို့အား ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဂါလန် ၂၆၀၀ ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

၂၂၂

❂ စာမျက်နှာ ၆ မှ

**❝ လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်ကို အမေရိကန်နိုင်ငံတွင် သုတေသနပြုလုပ်နေပြီး မြန်နှုန်းမြင့် လည်နေသော ဓားပါကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းနည်းပညာကို အသုံးပြုမှု တိုးလာပါသည်။ အိန္ဒိယတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုလျက်ရှိပါသည်။ မကြာသေးမီက ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်ပုံစံအသစ်ကို မိတ်ဆက်ခဲ့ပြီး အလိုအလျောက် စီမံဆောင်ရွက်နိုင်မှုကြောင့် ထုတ်လုပ်မှုစွမ်းရည်နှင့် တစ်ယူနစ် ကုန်ကျစရိတ်သက်သာလာပါသည်။ လူအင်အားလိုအပ်ချက်မှာလည်း လွှသွားပါဝါကြိတ်စက် (Saw Gin) သို့မဟုတ် လည်နေသော ဓားပါကြိတ်လုံးဖြင့် ဝါကြိတ်စက်များနှင့် နီးနီးစပ်စပ်တူညီပြီး ၎င်းသည် စီးပွားရေးအရ တွက်ခြေ အကိုက်ဆုံးသော ဝါကြိတ်နည်းပညာတစ်ခု ဖြစ်လာစေပါသည်။ ❞**

အချို့နေရာများတွင် ကြိတ်လုံးပါ ဝါကြိတ်စက်ကို လက်ဖြင့် ခူးဆွတ်ထားသည့် ဝါဂွမ်းသန့်သန့်အတွက်သာ အသုံးပြုနိုင်ကြောင်း ဒဏ္ဍာရီရှိပြီး အကြိုသန့်စင်ခြင်း (pre-cleaning) နှင့် ဝါကြိတ်ခြင်းသည် လုံးဝခြားနားသော ဘာသာရပ်ဖြစ်ပြီး စက်ဖြင့် ခူးဆွတ်ထားသော ဝါဂွမ်းကို သန့်စင်ပြီးသည်နှင့် ကြိတ်လုံးပါ ဝါကြိတ်စက်ဖြင့် ကြိတ်ခြင်းသည့် အကျိုးရှိနိုင်ပါသည်။

မြောက်အမေရိကနှင့် တောင်အမေရိကတွင် **"ကြိတ်လုံးပါ ဝါကြိတ်စက် (Roller Gin)"** ဟူသော အသုံးအနှုန်းသည် များသောအားဖြင့် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Rotobar Rotary Knife Roller Gin) ကို ရည်ညွှန်းပြီး အချို့လွဲမှားသော ကောက်ချက်များကို ယင်းအပေါ် အခြေခံ၍ ရေးသားကြပါသည်။ ကြိတ်လုံးပါ ဝါကြိတ်စက်များဖြင့် ကြိတ်ထားသော ဝါဂွမ်းစုစုပေါင်းအနက်မှ အမြင့်ဆုံးရာခိုင်နှုန်းကို ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက် (Double Roller Gin) များဖြင့် ကြိတ်ထားခြင်းဖြစ်ပြီး ၎င်းသည် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်နှင့် လုံးဝကွဲပြားသည့် နည်းပညာဖြစ်ပါသည်။

ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း နည်းပညာဖြင့် ကြိတ်ထားသော ဝါဂွမ်းဘေထုပ် ၄၅ သန်းခန့် ရှိသည့်အနက်မှ ဘေထုပ် ၄၂ သန်းခန့်ကို အိန္ဒိယ၊ အာဖရိကနှင့် အခြားနိုင်ငံအချို့ရှိ ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များမှ ကြိတ်ထားပါသည်။ ကြိတ်လုံးဖြင့် ကြိတ်ထားသော ဝါဂွမ်း ၉၀ ရာခိုင်နှုန်းကျော်ကို ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်ဖြင့် လုပ်ဆောင်ထားပါသည်။ ဘေထုပ်နှစ်သန်းခန့်အတွက် ကြိတ်လုံး တစ်လုံးတည်းပါ ဝါကြိတ်စက် [Single Roller (McCarthy)] များကို အသုံးပြုထားကြပြီး လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက် (Rotobar Rotary Knife Roller Gin) များကို ဘေထုပ်တစ်သန်းခန့်သာ အသုံးပြုပါသည်။ လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်ကို အမေရိကန်နိုင်ငံတွင် သုတေသနပြုလုပ်နေပြီး မြန်နှုန်းမြင့်လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်းနည်းပညာကို အသုံးပြုမှု တိုးလာပါသည်။ အိန္ဒိယတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်များအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလျက်ရှိပါသည်။ မကြာသေးမီက ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက် ပုံစံအသစ်ကို မိတ်ဆက်ခဲ့ပြီး အလိုအလျောက် စီမံဆောင်ရွက်နိုင်မှုကြောင့် ထုတ်လုပ်မှုစွမ်းရည်နှင့် တစ်ယူနစ် ကုန်ကျစရိတ် သက်သာလာပါသည်။ လူအင်အား လိုအပ်ချက်မှာလည်း လွှသွားပါ ဝါကြိတ်စက် (Saw Gin) သို့မဟုတ် လည်နေသောဓားပါ ကြိတ်လုံးဖြင့် ဝါကြိတ်စက်များနှင့် နီးနီးစပ်စပ်တူညီပြီး ၎င်းသည်စီးပွားရေးအရတွက်ခြေအကိုက်ဆုံးသော ဝါကြိတ်နည်းပညာတစ်ခု ဖြစ်လာစေပါသည်။

ကုန်းမြင့်ဒေသထွက် ဝါကို ကြိတ်လုံးပါ ဝါကြိတ်စက် (Roller Gin) ဖြင့် ကြိတ်ရာမှ အရည်အသွေးကောင်းမွန်သော အမျှင်များ တိုးတက်ရရှိလာမှုကြောင့် ဈေးကွက်အသစ်များ ဖွင့်လှစ်နိုင်ပါသည်။ ကုန်းမြင့်ဒေသထွက် ဝါအတွက် ပြုပြင်ပြီးသော အရည်သွေးမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များ ရရှိပြီး မူလရှိပြီးသား မြောက်မြားစွာသော ကြိတ်လုံးပါ ဝါကြိတ်စက်များနှင့် လဲလှယ်မှုများကို ပြုလုပ်ရန် အနာဂတ်တွင် စီစဉ်ထားပါသည်။ မြန်နှုန်းမြင့် ကြိတ်လုံးပါ ဝါကြိတ်စက်များကို ပိုမိုအသုံးပြုလာသည်နှင့်အမျှ ကြိတ်လုံးသက်တမ်း၏ ပိုမိုကောင်းမွန်သော အကဲဖြတ်မှုများ ထွက်ပေါ်လာပါသည်။

မကြာသေးမီအချိန်များတွင် ကြိတ်လုံးနှစ်လုံးပါ ဝါကြိတ်စက်ဖြင့် ဝါကြိတ်ခြင်းသည် အလျင်မြန်ဆုံး ကြီးထွားလာသော ဝါကြိတ်နည်းပညာဖြစ်ပြီး နှစ်စဉ် အလွန်မြင့်မားသောနှုန်းဖြင့် တိုးတက်လာပါသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့ဝါဂွမ်း၏ ၁၅ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းသို့ ကြိတ်လုံးဖြင့် ဝါကြိတ်ခြင်း (Roller Ginning) ၏ ဝေစုတိုးလာရခြင်း အဓိကအကြောင်းရင်းမှာ အရည်အသွေး မြင့်မားသောအမျှင်၏ ဝယ်လိုအား တိုးလာခြင်းနှင့် အရည်အသွေးမြင့်မားမှု၏ ကောင်းမွန်ထိုက်တန်သော တန်ဖိုးကို နားလည်သဘောပေါက်လာခြင်းကြောင့် ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဒုတိယဝန်ကြီးများနှင့် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းငါးဆယ်ကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ပေးအပ်လှူဒါန်းသည့် ငွေကျပ်သိန်းငါးဆယ်ကို လည်းကောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ပေးအပ်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်ထံ ပေးအပ်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးနှင့် သန်လျင်လူငယ်သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် လူမှုဝန်ထမ်းရုံးနှင့် သန်လျင်လူငယ်သင်တန်းကျောင်းများသို့ သွားရောက်စစ်ဆေးရာ လူမှုဝန်ထမ်းဦးစီးဌာန တောင်ပိုင်းခရိုင်ဦးစီးမှူးနှင့် လူငယ်သင်တန်းကျောင်းမှ ကျောင်းအုပ်တို့က လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း၊ သန်လျင်လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့တွင် လုပ်ငန်းဆောင်ရွက်ချက်များကို စနစ်တကျမှတ်တမ်းထားရှိရန်၊ တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် လူမှုဝန်ထမ်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေး မြို့နယ်ရုံးများ ဖွင့်လှစ်နိုင်ရန်၊ သန်လျင်လူငယ်သင်တန်းကျောင်းတွင် လက်ခံထားရှိသော လူငယ်များစာရင်းအား ခုနှစ်အလိုက် ပြုစုထားရှိရန်၊ သင်တန်းကျောင်းနှင့် အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရန်၊ လူငယ်နှင့်ကိုက်ညီမှုရှိသော သင်တန်းများဖြစ်စေရေးနှင့် လူငယ်များစိတ်ပိုင်းဆိုင်ရာ နူးညံ့ပျော့ပျောင်းမှုရှိစေရေး ဂီတသင်တန်းများ ဖွင့်လှစ်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သန်လျင်လူငယ်သင်တန်းကျောင်းရှိ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ကလေး ၃၅ ဦးနှင့် တရားရင်ဆိုင်ဆဲ ရီမန်ကလေး ၅၂ ဦး စုစုပေါင်း ၈၇ ဦးတို့ကိုတွေ့ဆုံပြီး ဘဝရပ်တည်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာ၊ အခြေခံမူလတန်းပညာနှင့် ကျောင်းပြင်ပပညာရေးတို့ကို မဖြစ်မနေ တတ်မြောက်အောင် သင်ယူကြရန်၊ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းရှင်းပြီး ကျန်းမာသန်စွမ်း၍ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသော လူငယ်များဖြစ်စေရေး ကြိုးစားနေထိုင်ကြရန်မှာကြားပြီး သင်တန်းကျောင်းအတွင်းရှိ သင်တန်းသားအိပ်ဆောင်၊ စားရိပ်သာ၊ အခြေခံပညာမူလတန်းကျောင်းနှင့် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် မြေသားရေကန်များ တူးဖော်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေရာသီသောက်သုံးရေ ရှားပါးမှုများ မဖြစ်ပေါ်စေရေးအတွက် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာတို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



ထန်းတပင်မြို့နယ် ကော့မှုကျေးရွာ၊ ရွာကန့်လန့်ကျေးရွာ၊ အညာစုကျေးရွာ၊ မဲပလီကျေးရွာနှင့် အရှေ့သဲဖြူကျေးရွာ ငါးရွာတွင် မြေသားရေကန်အနက်နှိုက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဧပြီလ ပထမအပတ်မှ စတင်ကာ မေလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ပြောသည်။

ထန်းတပင် မြို့နယ်အတွင်း သောက်သုံးရေ ပြတ်လပ်မှုများ ဖြစ်ပေါ်လာပါက မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၉ ၂၅၀၄၅၉၅၉၁၊ ၀၉ ၇၈၉၃၃၁၄၈၇၊ ၀၉ ၄၂၀၁၃၃၂၅၈ နှင့် ၀၉ ၇၉၀၈၁၈၃၁၈ သို့ ဆက်သွယ်၍အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူ

လှည်းကူး ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို ယမန်နေ့နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး)၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် လှည်းကူးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းကြည်က နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ခြင်း၊ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများနှင့် အသုံးဝင်ပုံများကို ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူ ၉၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ် ၉၃ ကတ်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဘေဘီထံသို့ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပုဂံရှေးဟောင်းနယ်မြေဘုရားစေတီများ Pagoda Digital Directory တပ်ဆင်ထားမှုနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းရေကန်များ၊ ရှေးဟောင်းသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှု စစ်ဆေး



**နေပြည်တော် ဧပြီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့ နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက် အစည်းအဝေးခန်းမ၌ ဘုရားများ၏သမိုင်းကြောင်း၊ အချက်အလက်များ၊ အနုလက်ရာဗိသုကာအမွေ အနှစ်များကို Online၊ Offline တို့ဖြင့် လေ့လာနိုင်ရန် အတွက် Pagoda Digital Directory ပြုလုပ်ခြင်း ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် ပထမအဆင့်အနေဖြင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိဘုရား အပါအဝင် ကိုးဆူကို စတင်ဆောင်ရွက် ခဲ့ပြီး ပဲခူးမြို့ရှိ ရွှေမော်ဓောဘုရားကို ထပ်မံထည့်သွင်း၍ ၎င်းဘုရား ၁၀ ဆူတို့၏ Pagoda Digital Directory အဖြစ် ၂၀၂၃ ခုနှစ် ဩဂုတ်လမှ စတင်ဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ Pagoda Digital Directory အဖြစ် website များ ပြသနိုင်ရေးအတွက် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (ပြည်၊ မကွေး၊ တောင်ငူ၊ သထုံ) ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သမိုင်းဝင် ထင်ရှားသောဘုရားများအတွက်ပါ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက် ခြင်းဖြင့် နောင်လာနောက်သား မျိုးဆက်သစ်များ အနေဖြင့် မိမိတို့၏ဘာသာ၊ သာသနာရေးနှင့် ပတ်သက်၍ အလွယ်တကူသိရှိဖတ်ရှုလေ့လာနိုင် မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘုရားစေတီတွင် Pagoda Digital Directory ပြုလုပ်တပ်ဆင်ခြင်းသည် အလွန်ကောင်းမွန်သည့် အစီအစဉ်ဖြစ်သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Pagoda Digital Directory ဦးဆောင် ဆောင်ရွက်နေသော ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ဝင် ဦးလှမြင့်က ဘုရားစေတီ ၁၀ ဆူတွင် Pagoda Digital Directory ဆောင်ရွက်နေမှု၊ ဘုရားစေတီသမိုင်းဆိုင်ရာ အချက်အလက်များ၊ အထင်ကရသိမှတ်ဖွယ်ရာများ၊ ထင်ရှားကျော်ကြား သည့်အထိမ်းအမှတ်များ စသည်တို့နှင့်ပတ်သက်၍ Online၊ Offline ဆောင်ရွက်နေမှုကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်း ဒေသကြီးဝန်ကြီးချုပ်သည် ပုဂံယဉ်ကျေးမှုအမွေ အနှစ်ဒေသအား ဇရိယာ ၁၁ ပိုင်းခွဲ၍ ဘုရားစေတီ သာသနိကအဆောက်အအုံတို့၏ ပတ်ဝန်းကျင် ပေါင်းမြက်၊ ချုံနွယ်၊ ညောင်ပင်၊ ကန္တာရပင်များ ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ဘုရား စေတီ သာသနိကအဆောက်အအုံ ၂၇၅၇ ဆူ၏ အခြေ အနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကမ္ဘာလှည့် ခရီးသည်များနှင့်ပြည်တွင်းခရီးသွားများ၊ ဘုရားဖူးများ ပုဂံရှုခင်းကြည့်ရှုနိုင်ရန် ယာယီတည်ဆောက် ထားသော ရှုခင်းကြည့်တောင်ကုန်းလေးခုရှိသည့် အနက် ကိုမောက်ကန်နှင့် ဖိုးသူတော်ကန်တို့၏ ပတ်ဝန်းကျင်နေရာများနှင့် ရွာဟောင်းကြီးဘုရားတွင် Archaeological Survey of India–ASI အဖွဲ့က နံရံဆေးရေးပန်းချီနှင့် အဆောက်အအုံများ ပြုပြင် ထိန်းသိမ်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် Archaeological Survey of India–ASI အဖွဲ့၏ သိကြားပုန်းဘုရားပြုပြင် ထိန်းသိမ်းမှုများ ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ပြီး ရုပ်ပွားတော်မြတ်နှင့် ဘုရားအမှတ် (၂၀၇) တိဿဘုရားနှင့် ဘုရားအမှတ်(၂၁၁)တို့ကို သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်း ဒေသကြီးဝန်ကြီးချုပ်တို့သည် ရွှေစည်းခုံစေတီတော် တွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ Digitization ပြုလုပ်၍ Touch Screen ဖြင့် ပြသထား သည့် ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ ကျောက်စာတိုင် ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ဘုရားဂေါပကအဖွဲ့ နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မူရင်း ကျောက်စာတိုင်ကို စနစ်တကျထိန်းသိမ်းသွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသ ကြီးဝန်ကြီးချုပ်တို့သည် အဆောက်အဦဦးစီးဌာနက တည်ဆောက်နေသော ညောင်ဦးမြို့တော်ခန်းမ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသ ကြီးဝန်ကြီးချုပ်တို့သည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် တွင် ဆောင်ရွက်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် တာဝန်ယူ ဆောင်ရွက်ခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ် ဇလင်းတောင်ရွာရှိ ထောက်ရှာကန်ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ် ရွာလတ်ကျေးရွာရှိ ညောင်ကန်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်း ဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောက်ပန်းတောင်း မြို့နယ် စိတ္တပါလဂူကျောင်းစာသင်တိုက်တွင် စိတ္တပါလဂူကျောင်းဆရာတော်နှင့် သုခဝတီစာသင် တိုက်ဆရာတော်တို့အား ဖူးမြော်ကြည်ညိုခဲ့ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် မြို့ရေပေးဝေရေးလုပ်ငန်းသို့ လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဧပြီ ၃၀**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်ရှိ မဟာလောကမာရဇိန် ကုသိုလ်တော်မြတ်စွာဘုရား အား ရေသပ္ပာယ်ခြင်း၊ စေတီရင်ပြင်တော်နှင့် သာသနိကအဆောက်အအုံများအား သန့်ရှင်းရေး ပြုလုပ်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြား ရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ သန္ဓေ/ အရန် မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင် ရွက်အပြီးတွင် တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀၊ (၇၈)နှစ်မြောက် မြန်မာနိုင်ငံမီးသတ် တပ်ဖွဲ့နေ့ကျင်းပရေး ဦးစီးကော်မတီက အလှူတော် ငွေကျပ် ၂၀၀၀၀၀ နှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင် များက အလှူတော်ငွေကျပ် ၂၀၀၀၀၀ စုစုပေါင်း အလှူတော်ငွေကျပ် ၅၀၀၀၀၀ ကို မဟာလောက မာရဇိန် ကုသိုလ်တော်မြတ်စွာဘုရားကြီးအား လှူဒါန်းခဲ့ကြောင်း သိရသည်။

၂၂

## ဟင်္သာတမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်

**ဟင်္သာတ ဧပြီ ၃၀**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ ကံလှကျေးရွာ ဗိုလ်မြတ်ထွန်းလမ်းရှိ ပါဝါစက်သုံး ဆီဆိုင်တွင် ဧပြီ ၃၀ ရက် နံနက် ၈ နာရီက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိ ပညာပေးဟောပြောပွဲနှင့် အရေး ပေါ်မီးငြိမ်းသတ်ရေး သရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာ ပေးဟောပြောပွဲတွင် ဟင်္သာတ မြို့နယ် မီးသတ်စခန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင်မောင်ထွေး က မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထား ရမည့် လုပ်ငန်းများ၊ မီးဘေး အန္တရာယ် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် များကို ရှင်းလင်းပြောကြားပြီး တက်ရောက် လာသူများနှင့် ပြည်သူများအား မီးဘေးကြိုတင် ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေ ခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့နှင့် အုပ်ချုပ်ရေးမှူးများ၊ စက်သုံးဆီ အရောင်းဆိုင်မှ ဝန်ထမ်းများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စက်သုံးဆီအရောင်း ဆိုင်များရှိ ဆီသိုလှောင်ကန်များ၊ ဆီသည်ယာဉ်များ မီးလောင်မှု ဖြစ်ပွားပါက လျင်မြန်စွာ မီးငြိမ်း သတ်နိုင်ရေးနှင့် အနီးပတ်ဝန်း ကျင်သို့ မီးမကူးစက်နိုင်ရန် အတွက် အအေးပေးစနစ်ဖြင့် အပူရှိန်လျှော့ချခြင်း၊ Foam ဆေး အသုံးပြု၍ လက်တွေ့မီးငြိမ်း သတ်ခြင်းများကို ပူးပေါင်းအဖွဲ့ဖြင့် သရုပ်ပြ ဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**




**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဂုဏ်ပြုဆောင်းပါး

# ထုတ်ကုန်နှစ်ဆဖြစ်ပေါ်ရေး အလုပ်သမားအခွင့်အရေးမြှင့်တင်ပေး

.......... ထက်ဝေအောင်(စစ်ကိုင်း) ..........

ယနေ့ကမ္ဘာကြီးသည် အချိန်နှင့်အမျှပြောင်းလဲနေပြီး ပြောင်းလဲမှုတိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ဟူသော လုပ်သားအင်အားမပါမဖြစ် ပါဝင်နေသည်ကိုတွေ့ရသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုစီးပွားဘဝ ပြည့်စုံရေး ဦးတည်ဆောင်ရွက်ရာတွင် လုပ်သားစွမ်းရည်မြှင့်တင်ပေးခြင်း၊ အသိဉာဏ်ပညာနှင့် ကြိုးစားဆောင်ရွက်မှုကိုဖြစ်စေသော လေ့ကျင့်သင်ကြားပေးမှုကို အခြေခံလျက်ရှိသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍနယ်ပယ်တိုင်းတွင် လူသားအရင်းအမြစ်ကို ကောင်းစွာအသုံးချရေးမှာ လွန်စွာအရေးကြီးပါသည်။ ထို့အတူ ကုန်ထုတ်လုပ်မှုကဏ္ဍများကို ဦးဆောင်နေသည့် အလုပ်သမားများ၏ လူမှုဘဝဖူလုံမှုသည် ဘဝအနာဂတ်လင်းရောင်ခြည်ပင်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လုပ်ငန်းလိုအပ်ချက်များတွင် လုပ်သားလိုအပ်ချက်မှာ ဟင်းတစ်ခွက်တွင် မပါမဖြစ်ဆားတစ်ပွင့်ပမာတူညီသည်။ ပြည်ပနိုင်ငံအသီးသီးမှ စက်ရုံ၊ အလုပ်ရုံများတွင် ကျွမ်းကျင်အလုပ်သမားများ တရားဝင်ခေါ်ယူရခြင်းဈေးကွက်များ ဖြစ်ထွန်းအောင်မြင်လာခဲ့သည်။ နိုင်ငံတကာ ရွှေ့ပြောင်းအလုပ်သမားအချို့သည် အိမ်တွင်းမှုအထောက်အကူပြု အလုပ်နေရာများဖြစ်သည့် အိမ်တွင်းဧည့်ကြိုများ၊ သန့်ရှင်းရေး အလုပ်သမားများ၊ ယာဉ်မောင်းများ၊ ချက်ပြုတ်သူများ၊ ကလေးသူငယ်စောင့်ရှောက်ပေးရသူများ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ပေးရသူများ၊ လုံခြုံရေးဝန်ထမ်းများ အစရှိသည့် အလုပ်အမျိုးအစားများတွင် ပါဝင်လုပ်ကိုင်လာကြသည်ကိုတွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို လေ့လာဆန်းစစ်ကြည့်လျှင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ လုပ်ခလစာနည်းပါးခြင်းတို့ကြောင့် လုပ်ခလစာပိုမိုရရှိသည့်နိုင်ငံများကို ရွေးချယ်သွားလာနေကြခြင်း ဖြစ်ပါသည်။

## ငြိမ်းချမ်းရေးအသွင်ဆောင်သော ဆက်ဆံရေး

အလုပ်သမားအများစုသည် လုပ်ခလစာကို အခြေခံပြီး လုပ်ခလစာတိုးမြှင့်ရရှိရေး၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး တောင်းဆိုသံများ ပေါ်ထွက်စမြဲဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် မိသားစုဘဝ စားဝတ်နေရေးဖြေရှင်းနိုင်သည့် အနိမ့်ဆုံးလုပ်ခကို ဆိုလိုခြင်းဖြစ်သည်။ အနည်းဆုံးအခကြေးငွေသည် ပုံမှန်အလုပ်ချိန်အပေါ် မူတည်သတ်မှတ်ထားသော နှုန်းထားလည်းဖြစ်သည်။ အလုပ်ရှင်နှင့် အလုပ်သမားတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သဘောမှီခိုလျက်ရှိပြီး တစ်ဦးအကျိုးစီးပွားကို တစ်ဦးက အထောက်အကူပြုပေးသည့်ပုံစံနှင့်တူပါသည်။ ယင်းတို့အကြား အပြန်အလှန် ကိုယ်ချင်းစာနာစိတ်ဖြင့် လုပ်ခလစာနှင့် စေတနာလဲလှယ်သော လုပ်ငန်းခွင်မပျက်ညှိနှိုင်းဆွေးနွေးခြင်းများသည် နှစ်ဦးနှစ်ဖက်အတွက် ငြိမ်းချမ်းရေးအသွင်ဆောင်သော ဆက်ဆံရေး တစ်ရပ်ထူထောင်ခြင်းဖြစ်ပါသည်။

တန်ဖိုးရှိလှသော လူ့စွမ်းအားအရင်းအမြစ်ရေရှည်တည်တံ့ရေးအတွက် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များ ဖန်တီးကြရပါမည်။ အလုပ်ရှင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် အသိအမြင်များသည် အရေးကြီးလွန်းလှပါသည်။ နှစ်ဦးနှစ်ဖက် ချင့်ချိန်တွက်ဆမှုသည် အကျိုးမမဲ့၊ အကျိုးဖြစ်ထွန်းသော လုပ်ရပ်များဖြစ်သည်။ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်များဖန်တီးရာတွင် ပုံမှန်အလုပ်လုပ်ခွင့်ရှိသည့် အသက်အရွယ်ကို သတိပြုရပါမည်။ ဥပဒေအရသတ်မှတ်ထားသည့် အသက်ပြည့်မီမှသာ အလုပ်ခွင်ဝင်ရောက်ရန်ဖြစ်ပါသည်။ သတ်မှတ်ထားသည့် အသက်အောက်ရောက်ရှိနေသည့် ငယ်ရွယ်သူများကို အလုပ်လုပ်ခွင့်မပေးဘဲ အလုပ်ခွင်စည်းကမ်းအတိုင်း တိတိကျကျလိုက်နာရမည်ဖြစ်သည်။ လူငယ်များသည် မိသားစုစားဝတ်နေရေးကြောင့် အလုပ်ခွင်အတွင်း ဝင်ရောက်နေကြရသော်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် အန္တရာယ်ဖြစ်နိုင်သည့် အခြေအနေများနှင့်ပတ်သက်သော အသိပညာဗဟုသုတအားနည်းခြင်း၊ လုပ်ငန်းခွင်အတွင်း ရပိုင်ခွင့်အခွင့်အရေးများနှင့် သက်ဆိုင်သော အထွေထွေဗဟုသုတများ မသိရှိခြင်းတို့ကြောင့် လုပ်အားခေါင်းပုံဖြတ်ခံရနိုင်မှုနှင့်အတူ လူငယ်များ၏ စိတ်ကျန်းမာရေး၊ ကိုယ်ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သည်။

လုပ်ငန်းခွင်အတွင်း အလုပ်သမားများ အချိန်မတိုင်မီ သေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်း၊ ရောဂါတစ်မျိုးမျိုးခံစားခြင်းများ မဖြစ်စေရန် လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေး၊ သက်သာချောင်ချိရေးဆိုင်ရာ ရပိုင်ခွင့်များကို အလုပ်ရှင်ဘက်ကစီစဉ်ဆောင်ရွက်ပေးရပြီး လုပ်သားများဘက်ကလည်း လုပ်ငန်းခွင်ဘေးကင်းရေး၊ အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်ပါသည်။ လုပ်ငန်းခွင်မတော်တဆမှုနှင့် ရောဂါဖြစ်ပွားမှု လျှော့ချရေးဆောင်ရွက်ရာတွင် အလုပ်ရှင်၊ အလုပ်သမားများက မှန်ကန်သော အသိအမြင်၊ အတွေးအခေါ်ဖြင့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရန်လိုအပ်သည်။ ထို့အတူပင် အလုပ်ရှင်၊ မန်နေဂျာ၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးပွဲများကို အခါအားလျော်စွာ ကျင်းပပြုလုပ်ပေးခြင်းဖြင့် ဘေးကင်းလုံခြုံသောဘဝများကို ပိုင်ဆိုင်နိုင်မည် ဖြစ်ပါသည်။

## ကျွမ်းကျင်အလုပ်သမားများ၏ စွမ်းပကားများ

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် အဓိကလိုအပ်လျက်ရှိသည့် ကျွမ်းကျင်အလုပ်သမားများ၏ အခန်းကဏ္ဍသည် ထိပ်ဆုံးကအရေးပါလာခဲ့သည်။ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရရှိရန်လိုအပ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်သမားလိုအပ်ချက်ပြည့်မီရေး ရွှေ့ပြောင်းအလုပ်သမားလိုအပ်မှု အရေးအတွက်မှာ စဉ်ဆက်မပြတ်တိုးပွားလာဖွယ်သာရှိပါသည်။ နိုင်ငံတစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြသဖြင့် အလုပ်သမား၊ အလုပ်ရှင်နှစ်ဖက်စလုံးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသော အကျိုးအမြတ်များ ရရှိစေနိုင်သည်။ ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းသည် ပွင့်လင်းမြင်သာရှိသည့်ခေတ်ကို အမှီလိုက်လျက် တစ်ဟုန်ထိုးတိုးတက်နေသော အလုပ်သမားများ၏ စီးပွားရေးအရွေ့ပင်ဖြစ်သည်။ ကမ္ဘာကြီးသည် ခေတ်မီတိုးတက်ခြင်းဖြင့် စက်မှုနည်းပညာနယ်ပယ်အသီးသီးကို ကျော်လွှားရောက်ရှိသည့်တိုင် အသိဉာဏ်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို အသုံးပြုနေရဆဲဖြစ်သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာခြင်းကြောင့် ကမ္ဘာကြီးသည် ရွာတစ်ရွာပမာ တည်ရှိလာခဲ့သည်။ နည်းပညာနယ်ပယ်အသီးသီးတွင်လည်း စက်ကို ထိန်းချုပ်နိုင်သည့် လူသားအကူအညီများ၊ ကျွမ်းကျင်အလုပ်သမားများ၏ စွမ်းပကားများမှာ လိုအပ်နေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေး အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြသည်။ အမှန်တကယ် အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကို အလေးထားခြင်းဖြစ်သည်။ အလားတူ ကုန်ထုတ်လုပ်မှုအခန်းကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများသည် လွန်စွာအရေးပါသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီးများ ပိုမိုရရှိစေရေး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကို ဖိတ်ခေါ်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်လျက်ရှိ

သို့ဖြစ်ရာ ရွှေ့ပြောင်းအလုပ်သမားများ တရားဝင်လမ်းကြောင်းမှ သွားရောက်အလုပ်လုပ်ကိုင်ရေး သတင်းအချက်အလက်၊ အသိပညာများ ကျယ်ပြန့်စွာ သိရှိနားလည်ရန် လိုအပ်လှသည်။ အလုပ်သမားများသည် မသိနားမလည်ဖြင့် တရားမဝင်အလုပ်သမားစေလွှတ်ရေးအေဂျင်စီများနှင့် အလုပ်ပွဲစားများကို ဆက်သွယ်ကြလေ့ရှိသဖြင့် အလိမ်ခံရနိုင်ဖွယ်ရှိကြောင်း သတိပြုကြရပါမည်။ အလုပ်သမားစေလွှတ်ရေး အေဂျင်စီများကလည်း လူစုဆောင်းမှုအစီအစဉ်တွင် ပွင့်လင်းမြင်သာမှုရှိရပါမည်။ သို့မှသာ ရွှေ့ပြောင်းအလုပ်သမားများအတွက် ခေါင်းပုံဖြတ်မှုကင်းဝေးခြင်း၊ ကုန်ကျစရိတ်အနည်းဆုံးဖြစ်ခြင်းအစရှိသော တရားမျှတမှုများရရှိစေမည်ဖြစ်သည်။ ရွှေ့ပြောင်းအလုပ်သမားများအတွက် ရွှေ့ပြောင်းသွားလာမှု လုံခြုံရေး၊ အလုပ်သမားဥပဒေပါအတိုင်း ခံစားခွင့်များရရှိရေးမှာ လွန်စွာအရေးကြီးလှပါသည်။

မြန်မာနိုင်ငံအနေဖြင့် အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းကူညီပေးလျက်ရှိပြီး ထိုင်း၊ မလေးရှား၊ ကိုရီးယားကဲ့သို့နိုင်ငံကြီးများတွင် အလုပ်သမားအရေး ဖြေရှင်းပေးနိုင်မည့် အလုပ်သမားသံအရာရှိများ စေလွှတ်ထားရှိပေးခြင်း၊ နိုင်ငံတကာအလုပ်သမားရေးရာစံသတ်မှတ်ချက်များကို အလေးထားရှိခြင်း၊ သက်ဆိုင်ရာနိုင်ငံများ၏ အလုပ်သမားဥပဒေနှင့် အမိန့်ညွှန်ကြားချက်များနှင့်အညီ အလုပ်သမားများအရေးကူညီဖြေရှင်းပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ဘာသာစကားအခက်အခဲ၊ လုပ်ငန်းခွင်အခက်အခဲများ ကူညီဖြေရှင်းပေးနိုင်ရန် စကားပြန်များထားရှိပေးခြင်းနှင့် သက်ဆိုင်ရာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်လေ့လာ သိရှိရသည်။

## အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံသားများ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်တိုးမြှင့်ရေး အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြသည်။ အမှန်တကယ် အလုပ်လိုအပ်နေသူများကို အလုပ်ခန့်ထားပေးနိုင်မှုသည် ပြည်သူအများစု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကို အလေးထားခြင်းဖြစ်သည်။ အလားတူ ကုန်ထုတ်လုပ်မှု အခန်းကဏ္ဍတွင် အဓိကမောင်းနှင်အားဖြစ်သည့် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှုများသည် လွန်စွာအရေးပါသကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ နည်းပညာ၊ အရင်းအနှီးများ ပိုမိုရရှိစေရေး အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံလိုသူများစွာကို ဖိတ်ခေါ်လျက် ကုန်ထုတ်လုပ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အလေးထား ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်က လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များကို စနစ်တကျအသုံးချလျက်ရှိရာ အဓိကအင်အားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏အခွင့်အရေး အပြည့်အဝရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်ရေး၊ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းများပေးရေး၊ တတ်မြောက်ထားသည့် အတတ်ပညာ၊ အတွေ့အကြုံများကို ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်များတွင် အသုံးချနိုင်ရေး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ အလုပ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်အတွင်း ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးရေး၊ လူမှုဖူလုံရေးစနစ် အပြည့်အဝရရှိရေးစသော ကောင်းမြတ်သောဦးတည်ချက်များ ဖော်ဆောင်ပေးခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် စံချိန်မီထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်မည့်အပြင် နှစ်ဦးနှစ်ဖက်အကျိုးတူပူးပေါင်းလျက် ဂုဏ်သိက္ခာရှိသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော လုပ်ငန်းခွင်အဖြစ် ရေရှည်တည်တံ့နိုင်မည်ဖြစ်ပါကြောင်း ယှဉ်ကြည့်လျက် မေလ ၁ ရက်နေ့တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူးမြို့၌ MSMEs ဈေးရောင်းပွဲတော် ကျင်းပ

ပဲခူး ဧပြီ ၃၀

ပဲခူးမြို့ အမှတ်(၃၃)လမ်း၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မေ ၁ ရက်တွင် ကျရောက်မည့်ကမ္ဘာ့အလုပ်သမားနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် MSMEs ဈေးရောင်းပွဲတော် ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။




ဦးစွာ မေ ၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် MSMEs ဈေးရောင်းပွဲတော်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက MSMEs ဈေးရောင်းပွဲတော်ကို ပြည်သူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းဒေသကြီး အတွင်း MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် တိုင်းဒေသကြီး အတွင်း ဈေးရောင်းပွဲတော် ခုနစ်ကြိမ်၊ နေပြည်တော်တွင် နှစ်ကြိမ်၊ ရန်ကုန် တိုင်းဒေသကြီးတွင် တစ်ကြိမ်၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် Style Fair 2024 တွင် တစ်ကြိမ် ပြသရောင်းချနိုင်ခဲ့ပြီး ယခုအကြိမ်တွင် MSMEs ဈေးဆိုင်ခန်း ၁၁၀၊ ဒေသထွက်ပစ္စည်းမျိုးစုံ ၁၀၀၀ ကျော်အား မူရင်းဈေးနှုန်းအတိုင်း ပြသရောင်းချလျက်ရှိပြီး ဈေးဝယ်ယူသူများ၊ လာရောက်လေ့လာသူများနှင့် စည်ကားလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အဆိုပါ ဈေးရောင်းပွဲတော်အား နိုင်ငံတော်၏ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် အညီ MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်တွင်း/ ပြည်ပ ဈေးကွက် ရရှိရေးတို့အတွက် နိုင်ငံတော်၏ နေ့ထူးနေ့မြတ် အထိမ်းအမှတ် အခမ်းအနားများတွင် ဈေးရောင်းပွဲတော်များ ကျင်းပပေးရခြင်းဖြစ်ပြီး MSMEs စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှု မြင့်မားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊ သွင်းကုန်အစားထိုး ကုန်ပစ္စည်းများ ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်ခြင်းကြောင့် နိုင်ငံခြားငွေအသုံးပြုမှု လျှော့ချနိုင်မည့်အပြင် MSMEs ထုတ်ကုန်များ ပိုမိုဈေးကွက်ရရှိနိုင်ခြင်းနှင့် ကုန်ကြမ်းပစ္စည်းတင်ပို့မှုအစား တန်ဖိုးမြင့် ထုတ်ကုန်များ တင်ပို့လာနိုင်ခြင်းနှင့်အတူ ကုန်သွယ်မှုဝင်ငွေ တိုးတက် ရရှိလာနိုင်မည်ဖြစ်ကာ တိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် MSMEs လုပ်ငန်းများ စတင်ထူထောင်သူ လုပ်ငန်းရှင် ၂၁၄ ဦးအတွက် ငွေကျပ် ၂ ဒသမ ၀၉၅ ဘီလီယံ ထုတ်ချေးပေးထားပြီးဖြစ်သည်။ ထို့အပြင် ပြည်တွင်းဈေးရောင်းပွဲတော်များနှင့် ပြည်ပဈေးရောင်းပွဲတော်များတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဒေသထွက်ကုန်များ သွားရောက်ပြသ ရောင်းချနိုင်ခဲ့မှုကြောင့်ကြိုက်နှစ်သက်သူများပြားခဲ့ပြီး ပြည်ပဈေးကွက်များ ရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## "ပြုံးပျော်ရယ်နှဲ့ မေဒေးပွဲ"

❖ လုပ်သားတို့အား စွမ်းပကားကြောင့်
သားနားဝင့်ထည် ဂုဏ်တင့်တယ်သည့်
အမယ်အပေါင်း မျိုးထောင်သောင်းကား
ကောင်းခြင်းအစုံ လူ့ရပ်ဘုံဝယ်
ကုန်အောင်ပြောကြည့် မောဖွယ်ရှိ၏။

❖ စားဝတ်နေဆင့် လွန်စွာတင့်ကာ
ရင့်ကျက်ကာနေ ကမ္ဘာမြေလည်း
ထွေထွေလုပ်သား အစားစားက
အားနှင့်ကြိုးပမ်း ဆောင်ရွက်ထမ်းကြောင့်
ချမ်းမြလူ့ဘုံ အစုံစုံ။

❖ အော်…
သူတို့ကျေးဇူး အထူးထူးကို
ကြည်နူးရွှင်ပျ သတိရ၍
စလယ်အဆုံး ကမ္ဘာလုံးဝယ်
ပြုံးပျော်ရယ်နှဲ့ မေဒေးပွဲအား
စွဲမြဲဆင်ယင် ဦးထိပ်တင်သည်
အသင်လုပ်သား ကျေးဇူးတရား။ ။

ညိုဝင်း(ချစ်မြေ)

"အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဂုဏ်ပြုလျက်"

❒ ကျောဖုံးမှ

ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း UB 8301 (Charter Flight) နှင့် ကိုရီးယားလေကြောင်းလိုင်း KE 490 ခရီးစဉ်တို့ဖြင့် ရောက်ရှိခဲ့ရာ မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက ကြိုဆို၍ အလုပ်သမားများ သိရှိလိုက်နာသင့်သည့် အချက်များကို မှာကြားခဲ့ပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးခဲ့ကြောင်းလည်း သိရသည်။

ထို့အတူ ဧပြီ ၉ ရက်ကလည်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် ကုန်ထုတ်လုပ်သားသစ် ၁၇၂ ဦးနှင့် ဆောက်လုပ်ရေးလုပ်သား ၂၁ ဦး စုစုပေါင်းလုပ်သား ၁၉၃ ဦးသည် ရန်ကုန်မြို့မှ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း UB 8301 (Charter Flight) ခရီးစဉ်ဖြင့် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံသို့ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ (POEA) မှတစ်ဆင့် EPS စနစ်ဖြင့် မတ်လအတွင်း စုစုပေါင်း ၈၆၂ ဦး ရောက်ရှိခဲ့ပြီး ယင်းကဲ့သို့ စေလွှတ်ခဲ့သည့် မြန်မာလုပ်သားများတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်သားသစ်၊ ဆောက်လုပ်ရေးလုပ်သားသစ်၊ ကုန်ထုတ်လုပ်သားသစ် အစရှိသဖြင့် ပါဝင်ကြောင်းလည်း သံရုံး၏ ထုတ်ပြန်ထားသည့်စာရင်းများအရ သိရသည်။

ထို့အတူ ဖေဖော်ဝါရီလအတွင်းကလည်း ကိုရီးယားသမ္မတနိုင်ငံသို့ E-9 ဗီဇာဖြင့် EPS လုပ်သား စုစုပေါင်း ၁၃၃၃ ဦး စေလွှတ်ခဲ့ပြီးဖြစ်ကြောင်းလည်း သံရုံးက အသိပေးထုတ်ပြန်ထားသည်။၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် သတ္တမအကြိမ်မြောက် အမှတ်ပေးစနစ် အလုပ်ခန့်ထားမည့်စနစ်ဖြင့် ၁၆ ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲတွင် မြန်မာနိုင်ငံမှလုပ်သားများအား ကိုရီးယားသမ္မတနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအတွက် ကျား/မ မရွေးဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းအတွက် ဝင်ရောက်ဖြေဆိုမည့် အမျိုးသမီးများသည် ပညာအရည်အချင်း အနည်းဆုံးအခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်ဟုလည်း သိရပြီး ပထမအကြိမ်အဖြစ် အမျိုးသမီး စတင်ခေါ်ယူရာတွင် စိတ်ဝင်စားမှုများပြားကြကြောင်းလည်း သင်တန်းကျောင်းများထံမှ သိရသည်။

MT

# ငါး၊ ပုစွန်နှင့် ရေထွက်ကုန်ကဏ္ဍ နှစ်ဆတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဧပြီ ၃၀





ပြည်တွင်း ဖူလုံစွာစားသုံးနိုင်ရေးနှင့် နိုင်ငံခြားငွေတိုးတက်ရှာဖွေပေးနိုင်သည့် ပြည်ပပို့ကုန်အဖြစ် မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် ရေသတ္တဝါ မွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေပိုင်းက နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်ထုတ်လုပ်ငန်းများ အားလုံးကို ပုဂ္ဂလိကပိုင်းက ဆောင်ရွက်နေခြင်းဖြစ်၍ နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတိုးတက်ရေးသည် ပုဂ္ဂလိကကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပေါ်များစွာတည်မှီနေသဖြင့် ဌာနနှင့် ပုဂ္ဂလိကများအကြား ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ မိမိတို့ဌာနဝန်ထမ်းများအနေဖြင့် အဂတိကင်းကင်းဖြင့် ကျရာအခန်းကဏ္ဍမှ နိုင်ငံတော်နှင့် မိမိဌာန၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ အမှန်တကယ် အတွေ့အကြုံကောင်းရှိသော အရည်အသွေး ပြည့်ဝသူများအဖြစ် ပေါ်ထွန်းလာစေရန် လုပ်ငန်းအခက်အခဲများကိုလည်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ငါးဖမ်း လုပ်ငန်းများကို သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ တည်ဆဲဥပဒေများနှင့်အညီဖြစ်စေရေး ထိန်းကျောင်းကြပ်မတ်လျက်ရှိသကဲ့သို့ ရေရှည်အတွက် GAqP အပါအဝင် ခေတ်မီနည်းပညာအသုံးပြု ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာရန် လိုအပ်ကြောင်း၊ စီးပွားရေးတိုးတက်ရန်၊ လူမှုရေး ဖွံ့ဖြိုးရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိစေရန်၊ နယ်မြေလိုအပ်ချက်အရ ဇုန်များ သတ်မှတ်ထိန်းသိမ်းခြင်း၊ သဘာဝငါးမျိုးပွားခြင်းကို ခေတ်မီနည်းစနစ်များ အသုံးပြု၍ လေ့လာသုံးသပ်ခြင်းတို့ဖြင့် ရေရှည်အကျိုးစီးပွားအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းများကို စည်းရုံးပညာပေး ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ငါး၊ ပုစွန်ကဏ္ဍ နှစ်ဆတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဘဏ္ဍာနှစ်အလိုက် ကြိုးပမ်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်း အတွေ့အကြုံများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို တင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ

# ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဦးရင်မောင်ညွန့်၊ ပါမောက္ခဒေါက်တာအေးထွန်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တို့ရှိ MSME Agency မှ တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ဆီစက်ပိုင်ရှင်များ အသင်းဥက္ကဋ္ဌ၊ ဆီစက်လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီမံဆောင်ရွက်သွားမည်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လမ်းညွှန်ချက်အရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်တွင်းစားသုံးဆီ ထုတ်လုပ်ကြိတ်ခွဲခြင်းမှတစ်ဆင့် ဖူလုံအောင်ဆောင်ရွက်ရေး၊ ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချရေးတို့အတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ စိုက်ပျိုးထုတ်လုပ်မှုကို ၂၀၂၂ ခုနှစ်မှစတင်၍ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်ရန်နှင့် ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိရေး၊ စိုက်ပျိုးဧက၊ အထွက်နှုန်းပမာဏ မှန်ကန်မှုရှိစေရေး အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ထွက်ရှိလာသည့် ဆီထွက်သီးနှံများကို ဆီကြိတ်စက်များသို့ ရောက်ရှိသည်အထိ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံများကို ကြိတ်ခွဲနိုင်ရေး ဆီစက် လုပ်ငန်းရှင်များနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ ထွက်ရှိလာသည့် စားသုံးဆီများကို ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်အောင် ဆက်စပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် မြေပြင်သို့ သွားရောက်ကွင်းဆင်း၍ လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရန် ဆီစက်များ၏ ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရန်အတွက် ဆီစက်များ၏ ဆီကြိတ်ခွဲမှုတိုးမြှင့်ထုတ်လုပ်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဦးစီး၍ ဆီထွက်သီးနှံစိုက်ဧကနှင့် တစ်ဧက အထွက်နှုန်း ပိုမိုတိုးတက်ရေးအတွက် ပံ့ပိုးအားပေးမှုများ ဆောင်ရွက်နေသဖြင့် အရည်အသွေးပြည့်ဝသော ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများ ထုတ်လုပ်နိုင်ရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် ပူးပေါင်းကြိုးစား၍ ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပြည်နယ်/တိုင်းဒေသကြီးအလိုက် အထူးဇုန်ခုနစ်ဇုန်မှ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးမည့်အခြေအနေနှင့် ဆီထွက်သီးနှံကုန်ကြမ်း ရရှိနိုင်မှုအခြေအနေတို့ကို ထည့်သွင်းဆွေးနွေးရမည်ဖြစ်ပြီး ဆီထွက်သီးနှံကုန်ကြမ်းများ ပြည်ပသို့တင်ပို့မှုကိုလည်း ထိန်းသိမ်းကွပ်ကဲကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဆီကြိတ်စက်များအတွက် ကုန်ကြမ်းသီးနှံများ စဉ်ဆက်မပြတ်ရရှိစေရေး၊ ပြည်တွင်းစားသုံးဆီဖူလုံရန်အတွက် လိုအပ်သော ဆီတန်ချိန်များအား ပြည်တွင်း ဆီစက်များမှ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးနှင့် ပြည်တွင်းဆီစက်များမှ ထွက်ရှိလာသော စားသုံးဆီကုန်ချောများ ဈေးကွက်စဉ်ဆက်မပြတ် ရရှိရေးတို့အတွက် အစည်းအဝေးတက်ရောက်လာကြသူများက ဆွေးနွေးဖော်ထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ ဆီကြိတ်ဖတ်များကို မွေးမြူရေးအစားအစာ ထုတ်လုပ်မှုကဏ္ဍသို့ ကွင်းဆက်မပြတ် အပြည့်အဝ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးကိုလည်း ဆက်လက်ဆွေးနွေးရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံ စိုက်ခင်းမှသည် ဆီကြိတ်စက်နှင့် ဈေးကွက်သို့ရောက်ရှိသည်အထိ တန်ဖိုးမြှင့်ကုန်ချောများအဖြစ် ထုတ်လုပ်ပြီး ပြည်ပဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရန်အတွက် ဆီစက်လုပ်ငန်းရှင်များ၏ လိုအပ်ချက်၊ အခက်အခဲများကိုလည်း စက်မှုဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ အေဂျင်စီများ၊ ကျွမ်းကျင်ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းဥက္ကဋ္ဌနှင့် ဆီစက်လုပ်ငန်းရှင်များ၊ မန္တလေး စိန်ပန်းစက်မှုလက်မှုကုန်ထုတ်သမဝါယမအသင်းလီမိတက် အမှုဆောင်ဒါရိုက်တာ၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မွေးမြူရေးအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်းဒုတိယဥက္ကဋ္ဌ၊ မြန်မာစီးပွားရေးလူမှုဖွံ့ဖြိုးအဖွဲ့အစည်း (သုတေသန)အဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက စားသုံးဆီဖူလုံစေရေးနှင့် ဆီစက်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများရေးဆွဲရာတွင် ချိတ်ဆက်ဆောင်ရွက်ရန်များအပေါ် သုံးသပ်ဆွေးနွေးခြင်းများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းလှမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးလေ့လာခြင်း ဆောင်ရွက်



**မင်းလှ ဧပြီ ၃၀**

ပဲခူးတိုင်းဒေသကြီး နယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ အရာရှိ ဒေါ်နှင်းဝေအောင်က MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဒေါက်တာကျော်ကိုလတ်နှင့် တာဝန်ရှိသူများက ဦးဆောင်ရှင်းလင်းပြသမှုဖြင့် တက်ရောက်လာကြသည့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများ စုစုပေါင်း ၂၄၀ ခန့်က လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ သိလိုသည့်အချက်များ၊ အကြံပြုချက်များ၊ နောင်ကျင်းပမည့်ရွေးကောက်ပွဲများတွင် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ချီဖွေမြို့နယ် ၄-မိုင်တပ်စခန်း - စုစည်း - တောင်သုံးလုံး - မက်လင်ကော့လမ်း တစ်မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် ဧပြီ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁၀ ဒသမ ၆၀၂ သန်းဖြင့် ကချင်ပြည်နယ် ချီဖွေမြို့နယ် ၄-မိုင်တပ်စခန်း-စုစည်း-တောင်သုံးလုံး -မက်လင်ကော့လမ်း တစ်မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လူမှုစီးပွားဘဝအထောက်အကူပြု**

ယင်းလမ်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ လမ်းတာချဲ့ခြင်းနှင့် ကျောက်ခင်းလမ်းလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၉ မိုင်ရှိသည့်အနက် ခုနစ်မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေပြီ ဖြစ်ကြောင်းနှင့် အဆိုပါလမ်း ၁၉ မိုင် ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးပါက ရာသီမရွေး ဆော့လော်မြို့နယ်နှင့် တရုတ်နယ်စပ်ဒေသ ထိစပ်နေသည့် ဖီမော်ကျေးရွာအုပ်စု၊ ကန်းဖန့်ကျေးရွာအုပ်စု၊ လန်ဆယ်ကျေးရွာအုပ်စုတို့နှင့် ဆက်သွယ်ထားသော အဓိကလမ်းဖြစ်သဖြင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းများနှင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကုန်စည်စီးဆင်းမှု များစွာအထောက်အကူပြုကြောင်း သိရသည်။ **သတင်းစဉ်**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် ဧပြီ ၃၀**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## တောင်ကြီးလူရည်ချွန်စခန်း ဒသမတန်းလူရည်ချွန်မောင်မယ်များ အင်းလေးကန်အတွင်းရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ကြည်ညို အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်



**တောင်ကြီး ဧပြီ ၃၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင်ဖွင့်လှစ်ထားသည့် တောင်ကြီးလူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်လေးများနှင့် ကြီးကြပ်အုပ်ချုပ်သူ ဆရာ ဆရာမများသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟိုတယ်ဇုန် စက်လှေဆိပ်သို့ ရောက်ရှိကြရာ ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူလေးများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ပန်းကုံးများစွပ်၍လည်းကောင်း၊ အိုးစည်ဗုံမောင်းများ တီးခတ်ပြီး ကိန္နရီ ကိန္နရာ၊ တိုးနရားအကများဖြင့်လည်းကောင်း၊ အလံငယ်များ ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုခဲ့ကြသည်။

**ရှင်းလင်းပြသ**

ဦးစွာ လူရည်ချွန်မောင်မယ်လေးများသည် ဟဲယာရွာမကျေးရွာရှိ စိန်သမာဓိငွေပန်းထိမ်လုပ်ငန်းသို့ ရောက်ရှိကြပြီး ငွေပန်းထိမ်လုပ်ငန်းရှင် ဦးစံလင်းက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသ၍ ငွေထည်ပစ္စည်းများ ဆောင်ရွက်လုပ်ကိုင်ပုံအဆင့်ဆင့်နှင့် ငွေပန်းထိမ်လုပ်ငန်းစတင်လုပ်ကိုင် ဆောင်ရွက်ခဲ့ပုံအကြောင်းများကို ရှင်းလင်းပြောကြားပြီး လူရည်ချွန်မောင်မယ်လေးများ၏ သိရှိလိုသည့် မေးမြန်းချက်များကိုပြန်လည်ဖြေကြားပေးသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်လေးများသည် ခင်းကျင်းပြသထားသည့် ငွေထည်ပစ္စည်းများ၊ ရိုးရာအဝတ်အထည်များနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ထို့နောက် အင်းလေးဖောင်တော်ဦး ကျောင်းတော်သို့ သွားရောက်ဖူးမြော်ကြရာ ဂေါပကအဖွဲ့ တာဝန်ရှိသူက ကြိုဆိုခဲ့ကြပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းနှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ထို့နောက် လူရည်ချွန်မောင်မယ်လေးများသည် နန်းပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်းနှင့် အလှူငွေများ လှူဒါန်းပူဇော်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများ ယွန်းပညာကောလိပ်(ပုဂံ)၊ ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ နန်းတော်ရာနှင့် ဦးဘငြိမ်းယွန်းထည်လုပ်ငန်းများ လေ့လာ

**ညောင်ဦး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ယွန်းပညာကောလိပ်(ပုဂံ)၊ ပုဂံရှေးဟောင်းသုတေသနပြတိုက်၊ သီရိဇေယျာဘူမိ ပုဂံရွှေနန်းတော်ကြီး၊ အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ ထီးနန်းစိုးစံခဲ့သည့် ပုဂံနန်းတော်ရာနှင့် ဦးဘငြိမ်းယွန်းထည်လုပ်ငန်းတို့ကို သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။



ပုဂံလူရည်ချွန်စခန်းမှ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ယွန်းပညာကောလိပ်(ပုဂံ)ရှိ ယွန်းနှီးစဉ်ယွန်းလုပ်ငန်း လက်တွေ့ခန်းမ၌ မြန်မာ့လက်မှုယွန်းလုပ်ငန်းအဆင့်ဆင့်ပြုလုပ်နေပုံတို့ကို လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမြင့်က ရှင်းလင်းပြသရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြသည်။ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယွန်းကောလိပ်ကျောင်းဝင်းအတွင်းရှိ ယွန်းခန်းမအတွင်း ပြသထားသည့် ခေတ်အဆက်ဆက်ယွန်းပစ္စည်းများ၊ ယွန်းပစ္စည်းအရောင်းပြခန်းတို့ကို လေ့လာကြသည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်ကို လေ့လာကြရာ ပြတိုက်ကြီးအတွင်း ပြသထားသည့် ပြခန်းများကိုလေ့လာကြရာ တာဝန်ကျဝန်ထမ်းများက လူရည်ချွန်ကျောင်းသား ကျောင်းသူများ သိရှိလိုသည်များကို ရှင်းပြကြသည်။

ဆက်လက်၍ သီရိဇေယျာဘူမိပုဂံရွှေနန်းတော်နှင့် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ ထီးနန်းစိုးစံခဲ့သည့် နန်းတော်ရာတူးဖော်ထားသည့် Open Museum ကို လူရည်ချွန်ကျောင်းသား ကျောင်းသူများ လေ့လာကြရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)တာဝန်ရှိသူများက ရှင်းပြကြသည်။ ဆက်လက်၍ လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ပုဂံမြို့သစ်ရှိ ဦးဘငြိမ်း မြန်မာ့လက်မှုယွန်းထည်လုပ်ငန်းနှင့် အရောင်းပြခန်းသို့ လေ့လာကြရာ ယွန်းလုပ်ငန်းအဆင့်ဆင့်ပြုလုပ်ပုံနှင့် ယွန်းပစ္စည်းအရောင်းပြခန်းတွင် မြန်မာ့လက်မှုယွန်းထည်ပစ္စည်းများကို အမှတ်တရဝယ်ယူခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

## မြောင်းမြမြို့နယ်၌ အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**မြောင်းမြ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Youth Club အဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံထူးချွန်ထက်မြက်စေရေးအတွက် အခြေခံအင်္ဂလိပ်စာသင်တန်း (၁/၂၀၂၄) ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီက သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

ဦးစွာ မြောင်းမြခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က သင်တန်းဆင်းအမှာစကားပြောကြားပြီး နည်းပြဆရာ ဦးဟန်ဇင်နိုင်းက သင်တန်းသား သင်တန်းသူများအား သင်တန်းနှင့်ပတ်သက်၍ သုံးသပ်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါ အခြေခံအင်္ဂလိပ်စာသင်တန်းကို Youth Club အဖွဲ့ဝင်များဖြစ်ကြသော ဆရာ ဦးဟန်ဇင်နိုင်းနှင့် ဆရာမဒေါ်ခင်သန္တာအောင်တို့က သင်ကြားပေးလျက်ရှိပြီး သင်တန်းကာလမှာ မတ် ၂၅ ရက်မှ ဧပြီ ၃၀ ရက်အထိ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင် သင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းကို အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ တို့က စိတ်ပါဝင်စားစွာ တက်ရောက်ကြကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## လူရည်ချွန်စခန်း(ချောင်းသာ) ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များ ရွှေသောင်ယံမြို့နှင့် ငွေဆောင်မြို့တို့သို့ ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ် သွားရောက်

**ချောင်းသာ ဧပြီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် လူရည်ချွန်စခန်း (ချောင်းသာ) တွင် စခန်းချနေထိုင်လျက်ရှိသည့် ၂၀၂၄ ခုနှစ် ဒွါဒသမတန်း လူရည်ချွန်မောင်မယ်များသည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည် ဦးဆောင်လိုက်ပါ၍ ယနေ့နံနက်ပိုင်းက ရွှေသောင်ယံမြို့ရှိ Sea & Lake Garden နှင့် ငွေဆောင်မြို့ရှိအပန်းဖြေ(ဆင်စခန်း)၊ ပုစွန်မွေးမြူရေးလုပ်ငန်းများသို့ ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ် သွားရောက်ခဲ့ကြောင်း သိရသည်။



ဦးစွာ လူရည်ချွန်မောင်မယ်များသည် ရွှေသောင်ယံမြို့ရှိ Sea & Lake Garden သို့ ရောက်ရှိပြီး ဒီရေတောတံတား၊ ကျောက်စိမ်းပြတိုက်၊ သစ်သားများဖြင့် ထွင်းထုထားသည့် ပန်းပုရုပ်တုပြတိုက်နှင့် အသဲတစ်ရာဥယျာဉ်တို့တွင် လေ့လာလည်ပတ်ကြည့်ရှုသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ငွေဆောင်မြို့အနီး ငွေဆောင် - ပုသိမ်ကားလမ်း မိုင်တိုင်အမှတ်(၁၉/၀)ရှိ ငွေဆောင်အပန်းဖြေ(ဆင်စခန်း) သို့ သွားရောက်လေ့လာကြရာ ဆင်စခန်းတာဝန်ခံမှ ဆင်စခန်းအချက်အလက်နှင့် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး ငွေဆောင်အပန်းဖြေ (ဆင်စခန်း)မှ ထီး/စုံ-၆၈၇၄ ဆင်လိမ္မာကြီး ဖွဲ့အောင်ထွန်းက လူရည်ချွန်မောင်မယ်များအား ပန်းခြင်းပေး၍ ကြိုဆိုကာ ဆင်ကလေးများက ယဉ်ကျေးလိမ္မာ သရုပ်ပြသကြသည်။

ယင်းနောက် ငွေဆောင်မြို့ရှိ ပုစွန်မွေးမြူရေး လုပ်ငန်းခွင်သို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက မွေးမြူရေးကန်များ နည်းစနစ်တကျ ဆောင်ရွက်ထားရှိမှု၊ သားပေါက်များထည့်သွင်းမွေးမြူမှု၊ Blower ဖြင့် လေပေးခြင်း၊ ပိုက်ဆွဲခြင်း၊ စက်ဖြင့် ပုစွန်အစာကျွေးခြင်းနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြခန်းများဖြင့် ရှင်းလင်းပြသရာ လူရည်ချွန်မောင်မယ်များက လေ့လာကြကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ ခဲသတ္တုများ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၆ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ ကံပြားကျေးရွာ မြို့အဝင်ဂိတ်၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်လျက်ရှိ

ထို့ပြင် ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ်နှင့် ညောင်တုန်းမြို့နယ်တို့၌ တရားမဝင် အခြားသစ် ၃၇ ဒသမ ၇၉၆ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၅၉၇၃၁ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်လက်ကောက်ကွင်း အကြမ်းဆိုဒ်စုံ ၂၄၂ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမှ ရန်ကုန်သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Quick ခေါက်ဆွဲခြောက်ဘူး ၁၄၄၀၊ Sir Edward's ဝီစကီ ပုလင်း ၁၂၀၊ ယိုးဒယားနိုင်ငံထုတ်အပင်



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အားဆေးဟု ယူဆရသော ဆေးဘူး ၃၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၀၀၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၃၇၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၁၃၇၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧပြီ ၂၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၌ လိုင်စင်မဲ့ Honda Click-125 ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင် ကျွန်းစုမြို့နယ် မလိကျွန်းအနီး၌ ပတ္တမြား-၂၁ အမည်ရှိ သစ်သားလှေ တစ်စင်းပေါ်မှ တရားမဝင်ခဲသတ္တုကီလိုဂရမ် ၉၆၃၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၈၉၃၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်း ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၂၁၀၀၀၀၀ ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၆၉၁၇၄၅၁ ကျပ်) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

---

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

### လိုက်နာဆောင်ရွက်ရန်အချက်များ

- အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်း ထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

### အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

---

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၅-၂၀၂၄ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (မောရသုတ်၊ ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ မနောမြေကအိမ်အပြန်လက်ဆောင်
- ၀၉:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေ ဖော်ထုတ်ကြပါစို့
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၀၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၂၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၇)
- ၁၃:၁၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၂)
- ၁၅:၂၅ Weekly Soccer Preview
- ၁၆:၃၅ မျိုးဟုန်တင့်စေဆိုကရေးတီးအငြိမ့်
- ၁၇:၀၅ ရွှေသို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၁၅ Next Level
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၄ ခုနှစ်၊ ဧပြီလ) (ပထမပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပျော်လင့်ခြင်းအိပ်မက်' (အပိုင်း-၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဇာတ်တော်ကြီးပြိုင်ပွဲ 'သုဝဏ္ဏသာမဇာတ်တော်ကြီး' (ပထမဆု)(ဦးဉာဏ်ဝင်းနှင့်အဖွဲ့) (ရန်ကုန်တိုင်းဒေသကြီး)(ဒုတိယပိုင်း)
- ၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၃၃)

### mitv

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 The Outstanding Ones
- 07:17 Edible Beauty: Tha Khut
- 07:48 Gemstone Sculptor
- 08:01 News
- 08:26 International Workers' Day (1st May)
- 08:33 Dough Artist's Dream
- 08:45 Ecotourism: Shwebo & Hanlin (Ancient Pyu City)
- 09:01 Mushroom Farming
- 09:25 Oboist and His Life
- 09:46 People's Military Service Law 3
- 10:01 News

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ပအိုဝ်းဝကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ဒူးရင်းသီး

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
ဧရာဝတီရဲ့အရိုင်းဆန်တဲ့အလှငေါ်ရန်ကျိ(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကရင်အထည်ဆိုင်မှ နန်းအဲလိန်းအင်တာဗျူး

**ချင်း (ဖလမ်း) (၁၇:၀၀ မှ ၁၈:၀၀)**
နွားနောက်မြီးစွပ်ပြုတ်

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
သူတို့ရဲ့ဒုတိယရင်ခွင်

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
မွန်တို့အလှမွန်တို့ရိုးရာဝတ်စုံ

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပြူးပဒေသာ(စောလှချေနှင့်မောင်သာလှ)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်သူ့ဘဝမြှင့်တင်ဖို့စနစ်ကျလယ်မြေ ဖော်ထုတ်ကြပါစို့
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ပေငှေချေးချယ်မှု'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)
- ၁၁:၀၀ ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၃)
- ၀၆:၀၀ Economic Review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စနစ်တကျဖန်တီးတီထွင်မြန်မာ့အထူးတန်း ကော်ဖီလုပ်ငန်းခွင်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ 'စိုက်ပျိုးမွေးမြူသုတဘဏ်' မြန်မာ့ပဲမျိုးစုံစိုက်ပျိုးရေး
- ၁၈:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ ပင်လယ်ရေချမ်းနွေမှာခန်း (ဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly MNL Review

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

# ယာယီနေရပ်စွန့်ခွာပြည်သူများ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုအပ်သည့်ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေး



ဘားအံ ဧပြီ ၃၀

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်းသို့ သောင်းကျန်းသူများ ဝင်ရောက်နေထိုင်ပြီး တိုက်ပွဲဖော်ဆောင်ခဲ့သည့်အတွက် တပ်မတော်မှ ကော့ကရိတ်မြို့ကို ပြန်လည်ထိန်းချုပ်ခဲ့ရပြီး ယခုအခါ ယာယီနေရပ်စွန့်ခွာပြည်သူများ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိရာ ဧပြီ ၃၀ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်သည့် နေရာများမှ ကော့ကရိတ်မြို့အတွင်း ပြန်လည်ဝင်ရောက်နေထိုင်ကြမည့် နေရပ်ပြန်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေါနခန်းမ၌ နေရပ်ပြန်ပြည်သူများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ကော့ကရိတ်မြို့အတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော့ကရိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝေက ကော့ကရိတ်မြို့အတွင်း အိမ်ထောင်စုများ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြသည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကော့ကရိတ်မြို့အတွင်း ပြန်လည်နေထိုင်ကြသည့် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၉၀၀၀၆၀၀၊ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးတို့ကို ထောက်ပံ့ပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တသီရိဓမ္မအား သွားရောက်ဖူးမြော်ကြည်ညို၍ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကော့ကရိတ်မြို့အတွင်း ဝင်ရောက်နေထိုင်ပြီး တိုက်ပွဲဖော်ဆောင်မှုကြောင့် ထိခိုက်ပျက်စီးသွားသော ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၊ မီးလောင်ပျက်စီးဆုံးရှုံးသွားသော လူနေအိမ်အဆောက်အအုံများ၊ ဈေးဆိုင်ခန်းများ၊ ဘာသာရေးအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး နေရပ်ပြန်လည်နေထိုင်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေး၍ အပျက်အစီးများအား လိုက်လံရှင်းလင်းပေးနေသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နဘူးတိုက်နယ်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ကြပြီး အဆိုပါတိုက်နယ်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများနှင့် အထွေထွေအသုံးစရိတ်ငွေကျပ် သုံးသိန်းကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ် (တံတားကျိုး) လမ်းပေါ်ရှိ ကော့ပေါ်အင်းတံတား ချဉ်းကပ်လမ်း သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းနေမှုအခြေအနေ၊ အရှည် ပေ ၅၀ အကျယ် ပေ ၃၀ ရှိ တံတားအမှတ် ၆/၄၄ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်း ၉၅ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ အရှည်ပေ ၉၀၊ အကျယ် ပေ ၃၀ ရှိ တံတားအမှတ် ၃/၄၇ သံကူကွန်ကရစ်တံတား အမျိုးအစား ၇၀ ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးမှုအခြေအနေ၊ အရှည် ပေ ၈၀ အကျယ်ပေ ၃၀ ရှိတံတားအမှတ် ၁/၅၄ တည်ဆောက်ရေးလုပ်ငန်းနှင့် အဆိုပါလမ်း ၈၆ ဒသမ ၅ ကီလိုမီတာမှ ၈၇ ကီလိုမီတာ လမ်းပိုင်းကို ၁၈ ပေ အကျယ် ကတ္တရာလမ်းသစ် ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးအောင်ညို၊ တံတားအထူးအဖွဲ့ ၁၄ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ် ဖောင်ချောင်းကျေးရွာကို ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ




နေပြည်တော် ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဖောင်ချောင်းကျေးရွာကို ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဧပြီ ၂၉ ရက်တွင် ပစ်ခတ်ဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ PDF အမည်ခံ အကြမ်းဖက်သမားများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိသည့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ညောင်ဂျစ်ပင်ကျေးရွာနှင့် ရေလာလေးကျေးရွာတို့ကို ဒရုန်းများ၊ လက်လုပ်လက်နက်ကြီးများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ ရေလာလေးကျေးရွာမှ ပြည်သူတစ်ဦးသေဆုံးခဲ့ပြီး ငါးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထို့နောက် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သမားများက အနီးဝန်းကျင်ရှိ ဖောင်ချောင်းကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ်များ မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်ပြီး ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်း မဟုတ်ကြောင်း ဒေသတွင်း သတင်းအရင်းအမြစ်များအရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆိပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ် စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ရှိရှိရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့်ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာခတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခပ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်းလေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# စိတ်အာဟာရဖွံ့ဖြိုးရာ စာပေကုသိုလ်မျှဝေပါ

**မိုးကေနိုင်**

ကျွန်တော်တို့ လူ့အဖွဲ့အစည်းကြီးတိုးတက်ဖို့၊ ဖွံ့ဖြိုးဖို့အတွက် အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်အကျဆုံးဖြစ်သော လူငယ်တွေမှာ အလိုအပ်ဆုံးသောအချက်များမှာ ဘယ်အရာများဖြစ်မလဲဆိုပြီး တွေးကြည့်ဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ရင့်ကျက်မှုနှင့်တကွ ၎င်းကိုပြောင်းလဲစေနိုင်သည့် သဘောထားခံယူချက်များ၊ လက်ရှိ မြန်မာ့၊ ကမ္ဘာ့မြင်ကွင်းတွေအပေါ်မှာ သူတို့လက်ခံထားတဲ့ ယုံကြည်မှု အတွေးအမြင်နှင့် တွေးခေါ်ပုံတွေ၊ အမူအကျင့်တွေ၊ ပတ်ဝန်းကျင်ကို မှန်မှန်ကန်ကန်ရှုမြင်တတ်ဖို့ လိုအပ်သည့် စွမ်းဆောင်ရည်နှင့် ဗဟုသုတအတွေ့အကြုံ ထိုမှတစ်ဆင့် မှန်ကန်သောပြုပြင် ပြောင်းလဲတိုးတက်လိုစိတ်... ဒါတွေပဲ အဓိကဖြစ်လိမ့်မည်ဟု ယူဆမိသည်။




**စာဖတ်ခြင်းနှင့်**
**မဖတ်ခြင်းကြား ကွာဟမှု**

အမြင်မှားတာနှင့် အတွေးပါမှားသွားတတ်သည်။ အစွန်းမရောက် အလယ်အလတ်သဘောထားမှာ မျှမျှတတ ခံယူနိုင်ရမည်ဟု ဆိုလေ့ရှိကြသည်။ ယနေ့လူငယ်များကိုယ်တိုင်က မိမိတို့အတွင်းအဇ္ဈတ္တက လာသော စိန်ခေါ်မှုများကို မြင်နိုင်ကြပြီလား။ ကိုယ့်ကိုယ်ကိုယ်အလေးထားပြီး တိုးတက်ဖို့၊ လူ့အဖွဲ့အစည်းကြီးကိုပြောင်းလဲဖို့ အကြီးကြီး စဉ်းစားနေသူတွေ များစွာတွေ့ဖူးပါသည်။ သူတို့လေးတွေအနက် တိုးတက်ဖို့ မိမိကိုယ်တိုင်ကို ဦးစွာပြောင်းလဲနိုင်အောင်ကြိုးစားနေသူတွေကို သတိထားမိသည်။

ဆန့်ကျင်ဘက်သတိထားမိပြန်တော့ အမြင်မှား အတွေးမှား အစွန်းရောက် ကိုယ်ရည်ကိုယ်သွေးအားနည်းသူများအဖြစ် ခြားနားချက်များစွာကို တွေ့မိပြန်သည်။ သူတို့အချင်းချင်း ဘယ်နေရာတွေမှာ ဘယ်လို ဘယ်အချက်တွေမှာ ကွာဟသွားသလဲ... ဆန်းစစ်ကြည့်သည့်အခါ ပညာနှင့်အသိမှာ ခံယူပုံချင်း မတူခြင်းကွဲပြားသွားခြင်းကြောင့်ဖြစ်သည်။ စာပေကိုစွဲလမ်းခြင်း စာဖတ်ခြင်းအကျင့်နှင့် စာကြည့်တိုက်များမှာ အချိန်ကုန် ဆိုရှယ်မီဒီယာနှင့် ဂိမ်းမှာအချိန်မဖြုန်း စသည် အနေအထားများမှာ အဓိကကွာခြားသွားသည်ကို တွေ့ရသည်။ စာဖတ်ခြင်းကသာ မှန်ကန်သော အသိအမြင် အတွေးအခေါ် ဗဟုသုတကို များစွာပေး၍ ဖြစ်ပါသည်။

သူများက စာဖတ်ပြီးမှ သူ့အပြောကို နားထောင်ရတာထက် ကိုယ်ကိုယ်တိုင် ဖတ်မှတ်လေ့လာပြီး နားလည်သည့်အသိက ပိုခရီးရောက်သည်ကို တွေ့ရသည်။ စူးစမ်းလေ့လာလိုစိတ်ကို တိုးစေပြီး အရာရာကို နှံ့နှံ့စပ်စပ်သိရှိလာစေခြင်းကြောင့်လည်းဖြစ်သည်။ မိမိတို့တွင် ရှိပြီးသညာသိမှတစ်ဆင့် စာများများဖတ်ခြင်းဖြင့် ပညာသိကို တိုးစေသည်။ ငယ်စဉ်ကလေးဘဝတုန်းက စာပေမျိုးစုံကို ဖတ်တတ်သည့်အလေ့မှ အရွယ်ရောက်လာသည့်အခါ စာကောင်းပေမွန် အကျိုးရှိအကျိုးပြုသည့်စာပေမျိုးကို မှန်မှန်ကန်ကန် ရွေးချယ်ဖတ်တတ်လာသည်။

စာဖတ်ခြင်းမှရရှိသော ပညာသိဆိုသည်မှာ တစ်ခုခုကို အစွဲမရှိ အစွန်းမရောက် ဓမ္မဓိဋ္ဌာန်ကျကျ ပိုင်းခြားဝေဖန်ဆန်းစစ်နိုင်စွမ်း ရှိလာခြင်းကို ဆိုသည်။ စာပေမှာပါသည့် အကြောင်းအရာတစ်ခုက တစ်ခါတစ်ရံ မိမိကို ဦးနှောက်မုန်တိုင်းဆင်သလို စဉ်းစားစရာ အလုပ်ရသွားစေသည့်အခါ အတွေးအခေါ်ပိုင်းမှာပါ မြင့်မားလာပြီး တွေးဆချိန်ဆတတ်၊ နှိုင်းယှဉ်သုံးသပ်အကဲဖြတ်တတ်လာခြင်းဖြင့် လုပ်နည်းလုပ်ဟန်မှာပါ မှန်မှန်ကန်ကန်ရှိလာသည်ကို တွေ့ရသည်။ စာဖတ်ခြင်းနှင့် စာမဖတ်ခြင်း၏သက်ရောက်မှုများပင် ဖြစ်သည်။

**စာပေကုသိုလ်ဖြင့်**
**အနှစ်သာရရှိမှုကိုဖော်ဆောင်**

စာပေမြတ်နိုးသူ၊ စာဖတ်ခြင်းကို အားပေးသူသည် စာကြည့်တိုက်၏တန်ဖိုးကိုလည်း အထူးသိသူဖြစ်သည်။ တကယ်တော့ Latin ဘာသာစကားကလာသည့် Library ဆိုသည့် ဝေါဟာရသည် တစုတစည်းတည်း စုစည်းသိမ်းဆည်းထားသည့်စာအုပ်များ (Books ) ကိုပဲ ရည်ညွှန်းသည်ဟု လေ့လာမိသည်။ သတင်းအချက်အလက်နှင့် အသိပညာများ တစုတစည်းတည်းရှိသဖြင့် ရယူရာ မျှဝေရာ တက္ကသိုလ်အဖြစ်လည်း တင်စားနိုင်သည်။ အရင်းအမြစ်ပေါင်းစုံ ကြွယ်ဝရာ ပညာဘဏ်တိုက်တစ်ခုအဖြစ်လည်း မှတ်ယူနိုင်သည်။ ထို့ကြောင့် တိုးတက်လိုသူများက စာကြည့်တိုက်ကို အသွင်သဏ္ဌာန်ရော အနှစ်သာရမှာပါ တိုးတက်လာအောင် အားပေးကြခြင်း အထောက်အကူပြုကြခြင်းဖြစ်သည်။

> **❝ တိုးတက်သည့်လူတွေဆိုတာ သူတို့ပညာရေးအတွက်၊ သုတေသနအတွက်၊ သင်ကြားရေးအတွက် အဖြစ်မှန်သတင်းအချက်အလက်များကို မရမက လိုက်လံရှာဖွေနေတတ်သူတွေပါ။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှ ပြည်သူတွေဆိုလျှင် စာကြည့်တိုက်ကို သူတို့အတွက် သတင်းအမြစ်ရယူရာပင်မအဖြစ် ထိထိရောက်ရောက်ကို အသုံးပြုလေ့ရှိကြသည့်အပြင် အသိဉာဏ်ပွင့်လင်းရာ အပန်းဖြေအနားယူရေး** intellectual recreation and entertainment **အဖြစ်ပါ အသုံးပြုလာကြသည်ဟု ဆိုပါသည် ❞**

မြန်မာလူမျိုးများအနေဖြင့် အနည်းဆုံးတော့ ကိုယ်တတ်နိုင်သည့်ဘက်က အကျိုးရှိမည့်စာအုပ်စာတမ်းများ၊ စာအုပ်ဝယ်ရန်ငွေကြေး၊ စာကြည့်တိုက်ပရိဘောဂများ လှူဒါန်းပေးကမ်းကြခြင်းဖြင့် စာကြည့်တိုက်များကို ရှင်သန်ဖွံ့ဖြိုးစေလိုကြသည်ကို တွေ့ရသည်။ ထိုအချက်ကို နိုင်ငံတော်အကြီးအကဲ၏ **"စာကြည့်တိုက်များတွင် ရှိသင့်ရှိထိုက်သည့် စာအုပ်စာပေများ စုံစုံလင်လင်ထားရှိရန်နှင့် အများပြည်သူများ၏ အသိပညာတိုးပွားပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အဓိကအထောက်အကူပြုပေးနိုင်ရေးအတွက် စာပေကုသိုလ်ဖြင့် ဆောင်ရွက်ကြစေရန်၊ ကောက်ရိုးမီးကဲ့သို့မဟုတ် ရေရှည်အတွက် ကြည့်၍ စီမံဆောင်ရွက်ရန်"**ဟူသော လိုက်နာရမည့် စေတနာထားတိုက်တွန်းမှာကြားချက်က လက်ရှိအခြေအနေကို အပြုသဘောထင်ဟပ်နေသည်ဟု လေ့လာမှတ်သားမိပါသည်။

အထူးသဖြင့် **"စာပေကုသိုလ်"** ဆိုသည့် ဒါနမြောက်သည့် ကုသိုလ် အသုံးအနှုန်းကို အလေးအနက်ထားမိသည်။ လူတွေကို စာဖတ်လာအောင် အသိအတတ်ပညာတိုးပွားလာအောင် ပေးလှူသော ကုသိုလ်ကို မွန်မြတ်သောပညာဒါနတစ်ခုအဖြစ် မြင်မိခြင်းဖြစ်သည်။ အထူးသဖြင့် လူငယ်များကိုပစ်မှတ်ထား၍ ကျောင်းသားကျောင်းသူများ စိတ်ဝင်စားသော စာအုပ်စာတမ်းများဖြင့် ရပ်ရွာအခြေပြုစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များကို တန်ဆာဆင်ခြင်းက ပို၍ထိရောက်မှုရှိသည်မဟုတ်ပါလား။ အကျိုးပြုသည့်စာကြည့်တိုက်များ၏ အသွင်အပြင်ဆိုသည်မှာ စာဖတ်သူနှင့် စာအုပ်ချည်း ရှိရုံနှင့်မပြီး မြေနေရာနှင့် အဆောက်အအုံလည်းရှိရမည်၊ ရန်ပုံငွေချို့တဲ့လို့မဖြစ် ငွေလည်းရှိရဦးမည်၊ အရည်အသွေးမီပြီးစေတနာပါသည့် အုပ်ချုပ်ရေးအဖွဲ့နှင့် စီမံခန့်ခွဲမှုပုံစံ၊ အကျိုးရှိသော စိတ်ဝင်စားဖွယ် စာအုပ်စာတမ်းများပြည့်စုံမှု ရှိ၊ မရှိ၊ တူတူတန်တန် ပရိဘောဂအခင်းအကျင်း ဒါတွေအားလုံးလိုပါသည်။

နေရာအနှံ့စာကြည့်တိုက်အများအပြားမှာ စာအုပ်စာပေမျိုးစုံနှင့် တင့်တယ်ခမ်းနားနေခြင်းက လူတွေကိုစာများများဖတ်ဖို့ ပတ်ဝန်းကျင်ကောင်းတစ်ခုအဖြစ် ဆွဲဆောင်ရာရောက်သည့်အပြင် လူတွေကို ဆုံဆည်းစေရာ Community engagement နှင့် စာပေမြတ်နိုးသူများမွေးထုတ်ပေးရာ Cultivating a love of reading အဖြစ်လည်း ရောက်ပါသည်။ ထို့ပြင် စာကြည့်တိုက်အသုံးပြုသူအတွက်ရော နိုင်ငံအတွက်ပါ ပေးရတန်ဖိုးနှင့် ထိရောက်အကျိုးပြုတန်ဖိုး Cost effectiveness လည်းရရှိနိုင်သည်ကို မမေ့သင့်။ ထို့ကြောင့် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားခြင်းနှင့် ထိုနိုင်ငံ ထိုလူ့အဖွဲ့အစည်း၏ အဆင့်အတန်း အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်မှုဆက်စပ်မှု ရှိ၊ မရှိကို မေးခွန်းထုတ်ရန်ပင် လိုအပ်မည်မထင်ပါ။

**ဖွံ့ဖြိုးမှုနှင့်ဆက်စပ်နေသည့်**
**စာကြည့်တိုက်**

တိုးတက်သည့်လူတွေဆိုတာ သူတို့ပညာရေးအတွက်၊ သုတေသနအတွက်၊ သင်ကြားရေးအတွက် အဖြစ်မှန်သတင်းအချက်အလက်များကို မရမက လိုက်လံရှာဖွေနေတတ်သူတွေပါ။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှ ပြည်သူတွေဆိုလျှင် စာကြည့်တိုက်ကို သူတို့အတွက် သတင်းအမြစ်ရယူရာပင်မအဖြစ် ထိထိရောက်ရောက်ကို အသုံးပြုလေ့ရှိကြသည့်အပြင် အသိဉာဏ်ပွင့်လင်းရာ အပန်းဖြေအနားယူရေး intellectual recreation and entertainment အဖြစ်ပါ အသုံးပြုလာကြသည်ဟု ဆိုပါသည်။

ဖွံ့ဖြိုးပြီး စာကြည့်တိုက်တစ်ခု၏အသွင်အပြင်ကိုက ပုံနှိပ်ခြင်းပုံစံ (printed form) အပြင် အီလက်ထရွန်နစ်ပုံစံ (electronic form) နှင့်ပါ ရယူနိုင်ခြင်းက တစ်ပန်းပိုသာသည်ကို တွေ့ရသည်။ ကျောင်းပညာရေးလက်လမ်းမမီသူများအတွက် မိမိကိုယ်တိုင်သင်ကြားလေ့လာခြင်း self learning အတွက် စာကြည်တိုက်များသည် အားကိုးရာဖြစ်လာသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည်ဆိုသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍများအပါ နယ်ပယ်စုံအတွက် စာကြည့်တိုက်များကို သုတစုံပညာစုံ သိုမှီးရာနေရာတစ်ခုအဖြစ် ဖန်တီးနိုင်လျှင် ပို၍ထိရောက်မှုရှိလာမည်ဖြစ်သည်ဆိုသော အချက်သည် ကျွန်တော်တို့လို နိုင်ငံမျိုးအတွက် ပို၍အရေးကြီးသည်။

စာမျက်နှာ ၁၇ သို့ ✪

# မော်လမြိုင်မြို့၌ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ့တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄) အခမ်းအနား ကျင်းပ



မော်လမြိုင် ဧပြီ ၃၀

"ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ့တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄)"အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံတော်မှ နှစ်စဉ်ဝယ်ယူ ပံ့ပိုးပေးလျက်ရှိသော ကာကွယ်ဆေးများ အသုံးပြု၍ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် အသက်အရွယ်အလိုက် အကြိမ်ပြည့်ထိုးနှံ့တိုက်ကျွေးမှုခံယူခြင်းဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကို ကာကွယ်နိုင်ရန်နှင့် ထိုးနှံ့တိုက်ကျွေးပေးရန် တိုက်တွန်းလိုကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဆိုပါရောဂါများကပ်အသွင်ဖြစ်ပွားမှုမရှိစေရေးအတွက် ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန်အကျုံးဝင်သည့် ကလေးငယ်များ တစ်ဦးတစ်ယောက်မကျန် ထိုးနှံ့နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် Video Clip ကို ပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကလေးငယ်များ ကာကွယ်ဆေး ထိုးနှံ့နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကလေးငယ်များအားလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၄)" အခမ်းအနားတွင် ကလေးငယ် ၃၅ ဦးအား မော်လမြိုင်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ ကာကွယ်ဆေးထိုးနှံ့တိုက်ကျွေးခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# ပြည်လမ်း ကတ္တရာကွန်ကရစ် (AC) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း မြို့တော်ဝန် ကြည့်ရှုစစ်ဆေး



ရန်ကုန် ဧပြီ ၃၀

ရန်ကုန် တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညပိုင်းက ဒဂုံမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အလုံလမ်းကြားရှိ ပြည်လမ်းအား ကတ္တရာကွန်ကရစ် (AC) ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ဧရာဝဏ်လမ်းနှင့် အတွင်းရှုခင်းသာလမ်းထောင့်၌ အုတ်ရေနုတ်မြောင်း တည်ဆောက်နေမှုနှင့် မြေအောက်ရေစုကန် တည်ဆောက်နေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ရေစုကန် ရေမြောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် One One One Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်မည့် တာမွေအဆင့်မြင့်ဈေးတည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းအကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံ့ တိုက်ကျွေးရေး ရက်သတ္တပတ် အခမ်းအနားကျင်းပ

ကျောင်းကုန်း ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမ၌ "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ့ တိုက်ကျွေးရေး ရက်သတ္တပတ်အခမ်းအနား(၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

### အသိပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ကိုယ်ဝန်ဆောင်ချိန်မှ မီးဖွားချိန်၊ မီးတွင်းကာလအတွင်း ဆောင်ရန်၊ ရှောင်ရန်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်(၂)နှစ်အထိ ကလေးများအား ကာကွယ်ဆေးများ ဆေးထိုးစုရပ်အလိုက် ထိုးနှံ့ပေးနေမှုများနှင့် ကာကွယ်ဆေး၏ တန်ဖိုး၊ အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်က တီဘီရောဂါအကြောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်နေနွယ်စံက ကြက်ညှာချောင်းဆိုးအကြောင်းတို့ကို ဆွေးနွေးပြောကြားပြီး သားဖွားဆရာမ ဒေါ်ဇင်မျိုးထိုက်က ပြင်းထန်အဆုတ်ရောင်ရောဂါအကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အသက်ခြောက်လမှ ၁၁ လအထိ ကလေးများ၊ အသက်တစ်နှစ်မှငါးနှစ်အထိ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံ့ပေးခဲ့ပြီး အာဟာရအတွက် ကြက်ဥများ ပေးခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# တောင်ပေါ်ဒေသများမှ ထွက်ရှိသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်၌ အရောင်းအဝယ်ကောင်း

မန္တလေး ဧပြီ ၃၀

တောင်ပေါ်ဒေသများမှ စိုက်ပျိုးထွက်ရှိလာသည့် ပန်းနှမ်းများ မန္တလေးဈေးကွက်အတွင်း၌ ဈေးကောင်းများရရှိကာ အရောင်းအဝယ်များကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

### အများဆုံးဝယ်ယူ

အဆိုပါ ပန်းနှမ်းကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိပြီး ဒုတိယအများဆုံးအဖြစ် တရုတ်နိုင်ငံမှ ဝယ်ယူကြကြောင်း၊ ယခုလက်ရှိအချိန်တွင် ၄၅ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ နှုန်းအထိရရှိကာ အရောင်းအဝယ်ကောင်းနေသည့်အပြင် ရာသီဥတုမျှတသည့်အတွက် အထွက်နှုန်း အသင့်အတင့် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



" ဒီပန်းနှမ်းကို ပြည်တွင်းပြည်ပကဝယ်ယူကြပြီး ပြည်တွင်းမှာတော့ ဆီကြိတ်ကာ တချို့မုန့်လုပ်ငန်းတွေမှာ အကြော်ဆီအနေနဲ့ အသုံးပြုကြတယ်။ ပြည်ပနိုင်ငံတွေမှာတော့ ဆီအဖြစ်ထုတ်လုပ်ပြီး စားသုံးရုံသာမက အလှကုန်ပစ္စည်းနဲ့ ဆေးဝါးထုတ်လုပ်တဲ့နေရာတွေမှာလည်း အသုံးပြုကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒေသခံ ရှမ်းတိုင်းရင်းသားတောင်သူတွေအနေနဲ့ သူတို့အတွက် အဓိကဝင်ငွေ ရရှိစေနိုင်တဲ့ သီးနှံအဖြစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြပါတယ်။ မနှစ်က ဈေးထက်စာရင် ဒီနှစ်မှာ တစ်ဆကျော်မြင့်တက်ပြီး ဈေးကောင်းရရှိနေပါတယ်။ ဈေးနှုန်းတွေတက်သော်လည်း ဝယ်ယူမှုတွေ ရပ်တန့်မသွားပါဘူး" ဟု မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

အဆိုပါ ပန်းနှမ်းသည် တစ်နှစ်ကို တစ်ရာသီသာ ဆောင်းသီးနှံအဖြစ် စိုက်ပျိုးနိုင်ပြီး ပြည်ပဝင်ငွေရှာဖွေပေးသည့် နှမ်းသီးနှံဖြစ်သည့်အပြင် တောင်ပေါ်ဒေသများ၌သာ စိုက်ပျိုးဖြစ်ထွန်းကြောင်း၊ ယင်းပန်းနှမ်းကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းဒေသများ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးကြကြောင်း၊ ဒီဇင်ဘာလတွင် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းတစ်ခွင်၌ အဝါရောင်ပန်းနှမ်းခင်းများကို ရှမ်းတောင်တန်းကြီးများနှင့် ယှဉ်တွဲ၍ ပန်းချီကားတစ်ချပ်ပမာ မြင်တွေ့နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဧပြီ ၃၀

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ နောင်တော်ကြီးစေတီတော်နှင့် အရံစေတီများ ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေစက်ချအနုမောဒနာ မင်္ဂလာအခမ်းအနား ကျင်းပ



ရန်ကုန် ဧပြီ ၃၀

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ နောင်တော်ကြီးစေတီတော်နှင့် အရံစေတီ ၂၄ ဆူ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း မဟာကုသိုလ်တော်အောင်ပွဲအထိမ်းအမှတ် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်းနှင့် ရေစက်ချ အနုမောဒနာ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ သက်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ရွှေတိဂုံစေတီတော် ထီးတော်ရုံတန်ဆောင်း၌ အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နောင်တော်ကြီးစေတီတော်နှင့် အရံစေတီ ၂၄ ဆူအား ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားကို နောင်တော်ကြီးစေတီအထက် ပစ္စယံ၌ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် သာသနဓဇ ဓမ္မာစရိယဘဒ္ဒန္တကဥ္စန အမှူးပြုသည့် ဆရာတော်၊ သံဃာတော် ၁၀၈ ပါးက ဗုဒ္ဓါဘိသေကအနေကဇာတင်လှူ ပူဇော်ကြသည်။

ယင်းနောက် ရေစက်ချအနုမောဒနာမင်္ဂလာအခမ်းအနားကို ချမ်းသာကြီးတန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ထံမှ ငြိမ့်ပရိသတ်များက နဝင်္ဂသီလခံယူဆောက်တည်ကြပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ဇယမင်္ဂလာအနုမောဒနာ စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များ နာကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ နောင်တော်ကြီးစေတီနှင့် အရံစေတီ ၂၄ ဆူအား ရွှေသင်္ကန်းတော်ကပ်လှူခြင်းကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး မျက်ပါးရွှေချခြင်း လုပ်ငန်းများသည် ၂၀၂၄ ခုနှစ် ဧပြီလတွင် ပြီးစီးခဲ့သည်။ **သတင်းစဉ်**



# အောင်ဆန်းတောရတပ်ဦးကျောင်း၌ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရတပ်ဦးကျောင်း၌ အောင်ဆန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ ထေရ်ရှင်မြတ်ဦးဆောင်မှုဖြင့် ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

အောင်ဆန်းဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ယခုနှစ် နွေရာသီမတ်လတွင် ကလေးငယ် ၄၇၄ ဦးကိုလည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ကလေးငယ် ၆၅ ဦးကိုလည်းကောင်း သင်ကြားပို့ချပေးပြီး သင်တန်းကာလမှာ ဧပြီ ၃၀ ရက်မှ မေ ၆ ရက်အထိဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကောဒသမတန်း လူရည်ချွန်စခန်း( ငွေဆောင်) ၌ စခန်းပိတ်သိမ်းပွဲအခမ်းအနား ကျင်းပ



ငွေဆောင် ဧပြီ ၃၀

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်၌ ဖွင့်လှစ်ထားသော ၂၀၂၄ ခုနှစ် ကောဒသမတန်း လူရည်ချွန်စခန်း (ငွေဆောင်) ပိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ယမုံနာဦးဟိုတယ်ရှေ့ ကမ်းခြေ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဧည့်သည်တော်များ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ထင်းမီးပုံအား မီးညှိ၍ မီးပုံပွဲစတင်ကျင်းပခဲ့သည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လူရည်ချွန်မောင်မယ်များနှင့်အတူ မီးပုံပွဲ၌ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူး၊ ငွေဆောင်ဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်းနှင့် ရွှေငုံးမင်းကုမ္ပဏီတို့က လူရည်ချွန်မောင်မယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။ ထို့နောက် လူရည်ချွန်မောင်မယ်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့အဖွဲ့ကိုယ်စီဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအား ဖျော်ဖြေခဲ့ကြသည်။ လူရည်ချွန် မောင်မယ်များ၏ ဖျော်ဖြေမှုအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စခန်းပိတ်သိမ်းကြောင်း ကြေညာခဲ့ပြီး လူရည်ချွန်မောင်မယ်များနှင့် ဆရာ ဆရာမများက မြန်မာ့သီချင်းဖြင့် စုပေါင်းကခုန်ကာ မီးရှူးမီးပန်းများ လွှတ်တင်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

❖ **မြန်မာအမျိုးသမီးမှ**

ရှမ်းပြည်နယ်မှ အမျိုးသမီးဘောလုံးသမားများကို ဦးစားပေးကာ ဖွဲ့စည်းထားပြီး လူငယ်၊ လူသစ်ကစားသမားများဖြင့် ပေါင်းစပ် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးထက်အောင်က ကိုင်တွယ်နေခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက အမျိုးသမီးအသင်း ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ''ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) ရဲ့ သတ်မှတ်ချက်မှာ ပရော်ဖက်ရှင်နယ် ကလပ်အသင်းတွေအနေနဲ့ အမျိုးသားအသင်းအပြင် လူငယ်အသင်းနဲ့ အမျိုးသမီးအသင်းတွေလည်း ဖွဲ့စည်းဖို့ဆိုတာ ပါပါတယ်။ ပြီးတော့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်း မြန်မာအမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်လာဖို့ အမျိုးသမီးကလပ်အသင်းတွေ များများထွက်ပေါ်လာဖို့ လိုအပ်တယ်လို့ ပြောတာကြောင့် ကျွန်တော်တို့ ရှမ်းယူနိုက်တက်အသင်းအနေနဲ့ မြန်မာအမျိုးသမီးဘောလုံးတိုးတက်အောင်မြင်တာကို အထောက်အကူဖြစ်ဖို့နဲ့ ကစားသမားသစ်တွေ ထွက်ပေါ်လာဖို့ အမျိုးသမီးအသင်းတည်ထောင်တာဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ကိုယ်စားပြုအသင်းဖြစ်တဲ့ ရှမ်းပြည်နယ်က အမျိုးသမီးဘောလုံးသမားတွေကို မြေတောင်မြှောက်ပေးချင်တာကြောင့် မတ်လအတွင်းမှာ ရှမ်းပြည်နယ်တောင်ကြီးမြို့မှာ လူရွေးပွဲကျင်းပပြီး ကစားသမားတွေ ရွေးချယ်ခဲ့ပါတယ်။ ရှမ်းပြည်နယ်မှာလည်း အလားအလာရှိတဲ့ အမျိုးသမီးဘောလုံးသမားတွေ ရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နည်းပြအဖွဲ့က လိုအပ်တဲ့ နည်းစနစ်ပိုင်းဆိုင်ရာတွေကို သင်ကြားပေးနေပါတယ်။ ကျွန်တော်တို့ လက်ရှိရွေးချယ်ထားတဲ့ လူစာရင်းမှာ အတွေ့အကြုံရှိတဲ့သူဆိုလို့ ယူ-၁၉ လက်ရွေးစင် တစ်ဦးသာပါပြီး ကျန်တဲ့ကစားသမားတွေကတော့ ဒေသခံကစားသမားတွေ ဖြစ်ပါတယ်။ လူသစ်တွေနဲ့ ယှဉ်ပြိုင်တာဖြစ်တာကြောင့် ပထမဆုံးနှစ်မှာ အောင်မြင်မှုရဖို့ မလွယ်ကူပေမယ့် အတိုင်းအတာတစ်ခုအထိ ခရီးရောက်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ သုံးနှစ်အတွင်း အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိအောင် ရည်မှန်းချက်ထား လုပ်ဆောင်မှာဖြစ်ပြီး တစ်နှစ်ထက်တစ်နှစ် ပိုကောင်းအောင် ပြင်ဆင်သွားမှာပါ။ ကျွန်တော်တို့အနေနဲ့ ဒေသခံရှမ်းပြည်နယ်က အမျိုးသမီးတွေကို အခွင့်အရေးတွေ ပေးနိုင်တဲ့အတွက် ဝမ်းသာကျေနပ်ပီတိ ဖြစ်ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနှစ်မှာ အမျိုးသား စီနီယာအသင်း၊ လူငယ်အသင်း၊ အမျိုးသမီးအသင်း သုံးသင်းဖွဲ့စည်းရမှာဖြစ်ပြီး သုံးသင်းစလုံး အောင်မြင်မှုရအောင် လုပ်ဆောင်သွားမှာပါ''ဟု ပြောသည်။

**ယှဉ်ပြိုင်မည်**

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီ၊ အား/ကာသိပ္ပံ၊ သစ္စာအားမာန်၊ ရန်ကုန်ယူနိုက်တက်၊ YREO၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းသည် အဖွင့်ပွဲအဖြစ် မေ ၈ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**


**ဓာတ်ပုံ-ကိုပိုင်ကြီး**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သံတမန်စစ်မြေပြင်၏ ရှေ့တန်းတစ်နေရာမှ . . . စာအုပ်ဖြန့်ချိ




ဆရာမောင်လွင်မြင့် စုစည်းရေးသားထားသည့် သံတမန်စစ်မြေပြင်၏ ရှေ့တန်းတစ်နေရာမှ . . . စာအုပ် ထွက်ရှိလာသည်။

စာရေးသူ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် သံတမန်ဘဝအတွေ့အကြုံများကို ရေးသားထားသည်။ ယင်းစာအုပ်တွင် ဘင်္ဂလားဒေ့ရှ်မှ ကျွန်တော်တို့၏ လူနေမှုဘဝ၊ နှစ်နိုင်ငံပင်လယ်ပြင်နယ်နိမိတ်ရှိ ရေနံလုပ်ကွက်များနှင့် အိမ်နီးချင်းကောင်းလား၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့နေသော ရိုဟင်ဂျာဆိုသူများ၊ နှစ်နိုင်ငံနယ်ခြားမှ ပြဿနာများနှင့် သံရုံးသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်လာမှုများ၊ စိန့်မာတင်ကျွန်းကိစ္စ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရာဘဆေးပြားစက်ရုံများနှင့် ရှိတ်ဟာဆီနာအစိုးရ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှု စစ်ဆင်ရေး၊ ဘင်္ဂလားဒေ့ရှ်၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ(သို့မဟုတ်) ဘင်္ဂလားဒေ့ရှ်ကပေးသော သင်ခန်းစာ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်အကြား တရားမဝင် နယ်နိမိတ်ဖြတ်ကျော်ဝင်ရောက်မှု ပြဿနာများ၊ စစ်တကောင်းဒေသမှ တိုင်းရင်းသားမျိုးနွယ်စုတို့၏ ငိုရှိုက်သံများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စစ်ရေးဆိုင်ရာအခြေအနေများ၊ ခေတ်မီတောင့်တင်းသော တပ်မတော်ဖြစ်နေပြီလား၊ မိမိတို့ဘက်တွင် အသင့်ရှိနေရန် လိုအပ်နေပြီလား ဆောင်းပါးများ စသည့်အကြောင်းအရာများကို အခန်း ၁၇ ခန်းဖြင့် စိတ်ဝင်စားဖွယ်ရေးသားပြုစုထားသည်။

အဆိုပါစာအုပ်ကို ကိုလတ်စာပေ အမှတ် ၂၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၂၀၀၆၈၊ ၀၉-၀၈၈၅၀၂၀၀၆၈၊ ၀၉-၂၆၅၀၂၀၀၆၈ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရသည်။

## စာပေဗိမာန်စာမူဆုရ စာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု သုတပဒေသာ(ဝိဇ္ဇာ) ဒုတိယဆုရရှိသည့် စာရေးဆရာ အရှင်ရေဝတ(ရွှေဂွမ်းသား)၏ "ဘိုကလေး၏ မှတ်တမ်းဇာတ်လမ်းအလင်္ကာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

၎င်းစာအုပ်တွင် ဘိုကလေးမြို့၏ ပထဝီဝင်၊ ရာသီဥတု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ၊ နယ်မြေဖွဲ့စည်းမှုများ၊ စီးပွားရေးဆိုင်ရာများ၊ စိုက်ပျိုးရေးအဓိကသီးနှံ (၁၀) မျိုး၊ စိုက်ပျိုးရေးထုတ်လုပ်မှု၊ နှစ်ရှည်သီးနှံစိုက်ပျိုးမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးမှုအခြေအနေ၊ တိရစ္ဆာန်မွေးမြူရေး စသည်တို့အပြင် ဘိုကလေးမြို့နယ်အတွင်းရှိ လမ်းနှင့် တံတားများ၊ ဆေးရုံ၊ လူနာနှင့် ဆရာဝန်ဆရာမများ အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပညာရေး အခြေခံကျောင်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အခြေအနေ၊ ဘိုကလေးပညာရေးကောလိပ်နှင့် ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အအုံများ၊ သာသနာဝင်ပုဂ္ဂိုလ်များ၊ ဘုရားစေတီများ၊ ဘိုကလေးလား၊ ဗိုလ်ကလေးလား စဉ်းစားဟူသော မြို့ပြဿနာ၊ ဘိုကလေးမြို့မှ မှတ်တမ်းဝင်ပုဂ္ဂိုလ်များ ဖြစ်သည့် ဗိုလ်ကလေးဦးသက်ရှည်၊ ဂျာနယ်ကျော်မမလေး၊ ဗိုလ်ကလေးတင့်အောင် စသည့် ဂန္ထဝင်ပုဂ္ဂိုလ်များအား လေ့လာတင်ပြချက်တို့အပြင် အာဆီယံအမွေအနှစ်ဥယျာဉ်၊ မိန်းမလှကျွန်း၊ နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဘိုကလေးမြို့၏ မုန်တိုင်းလွန်ကာလအခြေအနေများကို သုတေသနပြုကာ ကြိုးပမ်းရှာဖွေဖော်ထုတ်ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ရှမ်းပြည်နယ် ဘော်လီဘောအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်



တောင်ကြီး ဧပြီ ၃၀

ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် ရှမ်းပြည်နယ် လက်ရွေးစင် ဘော်လီဘော အသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲနှင့် အောင်နိုင်ရေးအလံ ပေးအပ်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပိုက်ကျော်ခြင်းပြိုင်ပွဲဝင် အားကစားသမားများနှင့် ရှမ်းပြည်နယ်လက်ရွေးစင် ဘော်လီဘော အသင်းတို့အား လိုက်လံနှုတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ် လက်ရွေးစင် ဘော်လီဘော အသင်းအား အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေ၊ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ပထမပွဲစဉ်အဖြစ် တောင်ကြီးမြို့နယ် အသင်းနှင့် ကျိုင်းတုံမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ တောင်ကြီးမြို့နယ်အသင်းက နှစ်ပွဲပြတ်အနိုင်ရရှိသွားကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ ပြည်နယ်ဝန်ကြီးချုပ် ဖလားမြို့နယ်အလိုက် အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြို့နယ် ၃၅ မြို့နယ်မှ အမျိုးသား ၃၅ သင်း၊ အမျိုးသမီး ၁၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မေ ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ညစ်ညမ်းသော တေးသီချင်းဗီဒီယိုများ ရိုက်ကူးထုတ်လွှင့်မှုများနှင့်ပတ်သက်၍ သတိပေးတားမြစ်ခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ရိုက်ကူး ထုတ်လွှင့်ပြသရေးနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ် ရုပ်ရှင်ဥပဒေနှင့် ၁၉၉၆ ခုနှစ် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့် အညီ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အချို့သော တေးသီချင်း ဗီဒီယိုရိုက်ကူးထုတ်လွှင့်သူများသည် ထင်ပေါ်ကျော်ကြားမှုရရှိစေရန်အတွက် မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်ပြီး မောင်နှမသားချင်း၊ မိသားစုဝင်ချင်း အတူကြည့်ရှုရန်ပင် မသင့်လျော်သော၊ ဟီရိဩတ္တပ္ပတရား ကင်းမဲ့သော တေးသီချင်းဗီဒီယိုများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရိုက်ကူးထုတ်လွှင့်နေကြသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လူမှုကွန်ရက်စာမျက်နှာများအပါအဝင် မြန်မာ့ယဉ်ကျေးမှုကို ဆန့်ကျင်သော၊ ညစ်ညမ်းသော အပြောအဆို၊ အပြုအမူများပါဝင်သည့် ရိုက်ကူးထုတ်လွှင့်ဖော်ပြမှုများနှင့်ပတ်သက်၍ ထုတ်လုပ်သူ၊ စီစဉ်ရိုက်ကူးသူ၊ သရုပ်ဆောင်သူများအား တည်ဆဲဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတိပေးကြေညာအပ်ပါသည်။

သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထားသော အစည်းအရုံးများကလည်း လိုအပ်သလို ထိန်းကျောင်းတည့်မတ်ပေးနိုင်ရန် အသိပေးအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# စာအုပ်စာပေ လူ့မိတ်ဆွေ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

၂၉-၄-၂၀၂၄ ရက်မှအဆက်

ခင်လေးက ကျွန်တော့်ကို တစ်လှည့်၊ သူ့မိဘများနှင့် သူ့အစ်ကိုဆိုသူကို တစ်လှည့် မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ အခုလိုသိရတာ ဝမ်းသာပါတယ်"

ကျွန်တော့်စကားကို အားလုံးက ပြုံး၍ အသိအမှတ်ပြုသည်။

"ခင်လေး၊ လှူစရာရှိ လှူလိုက်လေ။ သူတို့လည်း အလုပ်ပျက်မယ်"

ကိုကိုလတ်ဆိုသူက ဝင်ပြောလိုက်သည်။ ခင်လေးက သူ့ဆလင်းဘက်အိတ်ထဲမှ အကြွေအချို့ကို ထုတ်ယူလိုက်ပြီး ကျွန်တော့်ခွက်ထဲ ထည့်လိုက်၏။

"သွားမယ် ကိုထွန်းဝေ၊ ခင်လေးတို့ ဘုရားပတ်လိုက်ဦးမယ်၊ သွားမယ်နော်"

ခင်လေး၏ နှုတ်ဆက်ခြင်းအဆုံး အားလုံးကလည်း ပြုံး၍နှုတ်ဆက်၏။ ကျွန်တော်ကလည်း ပြန်ပြုံး၍ ဦးညွှတ်ပြသည်။

ခင်လေး၏ကျောပြင်ကို ကျွန်တော် အမှတ်မထင် ငေးလိုက်မိသည်။

"သာဓု သာဓု သာဓုပါ ခင်ဗျာ၊ ယခုပြုရသည့် ဒါနကြောင့်"

စောစောက ဘယ်ပျောက်သွားမှန်းမသိသော ပေါ်ဦး၏ အသံကျယ်ကြီး ပေါ်လာသည်။

ရင်ထဲမှ ဝေဒနာ၏အနက်ကို ကျွန်တော် ဝေခွဲ၍မရတော့။

x x x

"အဲဒါပဲကျော်ညွန့်၊ သူ့ဘေးမှာပါလာတဲ့သူဟာ ဘယ်သူဖြစ်နိုင်လဲ။ သူ့အစ်ကိုလို့ သူပြောတာဖြစ်နိုင်ပါ့မလား"

"အတိအကျတော့ ငါလည်း ဘယ်ပြောတတ်ပါ့မလဲ ထွန်းဝေရာ။ သူ့အိမ်၊ သူ့အတွင်းရေး ငါသိတာက မင်းထက် ဘာများပိုမှာမို့လဲ"

ကျွန်တော့်မျက်လုံးများသည် အပန်းဖြေရိပ်သာရှေ့ရှိ စိန်ပန်းပင်ကိုင်းကြီးကို ထောက်ထားသော တိုင်ကြီးကို ကြည့်လိုက်၏၊ ကျော်ညွန့်စကားများမှာ ထိုအုတ်တိုင်လောက်ပင် ကျွန်တော့်စိတ် သစ်ကိုင်းကျကို ထောက်မတ်မပေးနိုင်။

"နေပါဦးထွန်းဝေ၊ ငါ တစ်ခုမေးမလို့"

ကျော်ညွန့်ကို အလျင်စလို မော့ကြည့်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးတစ်စ ရှိနေ၏။

"ဘာမေးမလို့လဲ"

ကျွန်တော့်အမေးကို သူ ချက်ချင်းမဖြေ။ သူ့မေးခွန်းအတွက် သူချိန်နေပုံရ၏။ သူ့လှုပ်ရှားမှုကို အစအဆုံး လိုက်ကြည့်နေမိသည်။ သူ့မျက်နှာတွင် အပြုံးရိပ်တစ်ခုပေါ်လာ၍ ကျွန်တော့်ကို စူးစိုက်ကြည့်ပြီး –




"မင်း ဒါတွေကိုလိုက်ပူရအောင် မင်းနဲ့ သူနဲ့ ဘာဆိုင်လို့လဲ"

သူ့အမေးက ချက်ကောင်းကို လာထိသည်။ ကျွန်တော့်မျက်နှာတွင် ရှိန်းခနဲ အပူငွေ့တစ်ခု ဖြတ်သွား၏။

"ကဲ . . . ဆိုစမ်းပါဦး"

ကျွန်တော် ခေါင်းကိုငုံ့၍ ဆေးလိပ်ပြာကို အုတ်ခုံနှင့် ထိုးခြွေလိုက်သည်။ ထို့နောက် တစ်ဝက်သာသာမျှကျန်သေးသော စီးကရက်ကို တောက်ထုတ်လိုက်သည်။ ရင်ထဲမှာ လှုပ်ခတ်နေသော စိတ်ဘဝင်သည် မငြိမ်။

"ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ"

"ဒါဆို ဘာလို့စဉ်းစားနေတာလဲ"

ကံ့ကော်တောသည် မျက်လုံးအိမ်အစပ်သို့ ရောက်လာ၏။ ခုံတန်းလျားပေါ်မှာ ချစ်သူနှစ်ဦး။

"ငါ သူ့ကို သိပ်ချစ်တယ်ကွာ"

"အင်း . . . ရောဂါက မသေးပါလား"

သူ့စကားနှင့် သူ့မျက်နှာ၏အနက်ကို ကျွန်တော် မသိ။ သူ့လှုပ်ရှားဟန် ဖျတ်လတ်လာသည်ကိုသာ သတိထားမိလိုက်သည်။

"တက္ကသိုလ်သွားဖို့ နဂိုကထားခဲ့တဲ့ ရည်ရွယ်ချက်တွေ ဘယ်ရောက်သွားပြီလဲ ထွန်းဝေ"

ကျွန်တော့်တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ ရင်ထဲမှာ စကားများစွာ ပြည့်လျှံလာ၏။ စောစောက ကျွန်တော်မဟုတ်တော့။ ကျွန်တော့်ဘက်က ပြန်ပြောရန်အချိန် ဖြစ်လာပြီ။

"ဘာဆိုင်လို့လဲ ကျော်ညွန့်၊ ခုနက ငါပြောတဲ့စကားက ငါ့နှလုံးသားရေးရာ ခံစားမှုသက်သက်ပဲ။ လူငယ်တစ်ယောက်မှာ ခံစားလေ့ ခံစားထရှိတဲ့ ခံစားမှုပဲ။ ငါ့ဘဝလမ်းကြောင်းနဲ့ ဘာပတ်သက်လို့လဲ။ ခုလည်း တက္ကသိုလ်ရောက်ပြီးကတည်းက သူ့ကိစ္စချည်း ငါ လုံးပန်းနေတာမှမဟုတ်ဘဲ ကျော်ညွန့်။ ဒီနေ့ထိ ငါ ကျောင်းတစ်ချိန်မှမပျက်သေးဘူး"

သူ့အပြုံးသည် ပီပြင်လာ၏။ အရယ်ဘက်သို့ ကူးလာသည်။ စကားများမှာ ရယ်သံစွက်နေသည်။

"ဟုတ်ပါပြီ၊ ငါလည်း မင်းကို ဒီလောက်ထိ မပြောသေးပါဘူး။ ဒါပေမဲ့ ရေရှည်ကို တွေးမိလို့"

"ဘာလဲ၊ ဘာရေရှည်လဲ။ ရေရှည်မှာ ငါက ဘာဖြစ်မှာမို့လို့လဲ"

ကျော်ညွန့်မှာ ပြောလိုရင်းတစ်ခုရှိနေသည်ကတော့ သေချာပြီ။ သူ့စကားအသွားအလာသည် တစ်မျိုးဖြစ်နေ၏။

"ထွန်းဝေ၊ မင်းနဲ့ငါ ငယ်သူငယ်ချင်းတွေနော်။ မင်းဘဝကို ငါသိတယ်၊ ငါ့ဘဝကို မင်းသိတယ်။ ဘဝဆိုတာ တက္ကသိုလ်ကျောင်းမှာရောက်နေတဲ့ ကာလ မျက်မြင်လေးကို ပြောတာမဟုတ်ဘူး။ တက္ကသိုလ်ကျောင်းသားဆိုတဲ့ကာလဟာ ဘဝရဲ့ အလှဆုံးအချိန်လေးတစ်ခု။ ငါပြောတဲ့ဘဝက အကျည်းတန်တာတွေ အများကြီးပဲ။ ပြီးခဲ့တဲ့ ဘဝ၊ ပြီးတော့ လက်ရှိတခြားတစ်နေရာက ဘဝ"

"မင်းပြောတာ ငါသိတယ် ကျော်ညွန့်။ စကားလုံးတွေ သိပ်ဖွဲ့နွဲ့မနေနဲ့၊ လိုရင်းကိုပြော၊ မင်းဘာပြောချင်လဲ"

လေသံပြတ်နေသော်လည်း ကျွန်တော့်စကားမှာ ဒေါသမပါ။ ကျော်ညွန့်စေတနာကို အကြွင်းမဲ့ယုံပါသည်။

"ငါပြောချင်တာ ရှင်းရှင်းပြောမယ် ထွန်းဝေ၊ မင်းနဲ့သူက ဘဝချင်းမတူဘူး။ သူ့ကိုချစ်ရင် မင်းစိတ်ဆင်းရဲမယ်၊ ဒါပဲ"

ရင်ထဲမှာ ဘဝင်မကျမှုပေါင်း မြောက်မြားစွာ ပေါ်လာ၏။

"နေပါဦး ကျော်ညွန့်ရ၊ သူကဘာမို့လို့ ဒီလောက်ဖြစ်နေရတာလဲ။ သူက ချေးပါရင် ရွှေတုံးတွေ ထွက်နေလို့လား"

အိမ်သာထဲမှာ တစ်ခါကဖတ်ဖူးသော စာတန်းလေးကို ပြေးသတိရသည်။ မခံချင်စိတ်များလည်း ပေါ်နေ၏။ ကျွန်တော့်စကား ခက်ထန်သွားသဖြင့် ကျော်ညွန့်မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ငါ စေတနာနဲ့ပြောနေတာ ထွန်းဝေ"

"ငါသိတယ် ကျော်ညွန့်၊ ဒါပေမဲ့"

"မဟုတ်ဘူး ထွန်းဝေ၊ မင်းနဲ့ငါ အတိုက်အခံမပြောဘူး။ ဒီကိစ္စက မင်းကိစ္စ၊ မင်းကြိုက်သလိုလုပ်"

သူ့မျက်နှာကို ကျွန်တော် စေ့စေ့ကြည့်သည်။ သူကျွန်တော့်ကို ခပ်စူးစူးပြန်ကြည့်၏။ ကျွန်တော် ဟားတိုက်ရယ်ချလိုက်သည်။ ပြီးမှ –

"မင်း ငါ့ကို စိတ်ဆိုးသွားလားကျော်ညွန့်။ ငါ့စကားမှားသွားရင် တောင်းပန်ပါတယ်။ အမှန်တော့ ရယ်တောင် ရယ်ဖို့ကောင်းပါတယ်။ ဘာမဟုတ်တဲ့ကိစ္စကို တို့ကသာ ရေးကြီးခွင့်ကျယ်လုပ်ပြောနေတာ။ မုန့်ဆီကြော်က ဘယ်နေမှန်းတောင် မသိသေးဘူး"

"မဟုတ်ပါဘူး၊ မင်းက သိပ်ခံစားနေလို့ ပြောတာပါ"

ကျွန်တော် ရယ်လိုက်ပြန်သည်။ ရှက်ရယ်။

"ခံစားရတာပေါ့ကွာ၊ အချစ်ဦးပဲ"

"ပြောရင်းဆိုရင်း ကဲလာပြီ"

ကျွန်တော်က ရယ်၍ အိတ်ထဲမှ ဆေးလိပ်တစ်လိပ်ထုတ်ပြီး မီးညှိလိုက်သည်။ သူက တစ်စုံတစ်ခု သတိရဟန် ဖျတ်ခနဲ –

"တစ်ခုတော့ ရှိတယ်ကွ၊ စိတ်ထဲမှာတော့ သိပ်မျှော်လင့်ချက်ကြီး မထားဘဲနဲ့ မင်း သူ့ကို လိုက်ကြည့်ပါလား"

"အင်း . . . လုပ်လိုက် ကျော်ညွန့်၊ တားတုန်းကလည်း မင်း၊ ခု မြှောက်ပေးတော့လည်း မင်း"

သို့သော် သူ့စကားက သိပ်မဆိုးချင်။

"တကယ်လား"

"အဟုတ်ပြောတာ လိုက်ကြည့်၊ တစ်ချီတည်း ကောလိုက်တော့လည်း ပြတ်သွားတာပေါ့"

"ဟာကွာ . . . ဖွ . . . နိမိတ်မရှိ နမာမရှိ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ရင်ထဲတွင် တဒိတ်ဒိတ်ခုန်သွား၏။

x x x

( ၆ )

"ကဲ . . . အမှတ်တစ်အစီအစဉ်စတော့"

ခပ်တိုးတိုး ပြောလိုက်သော်လည်း ပေါ်ဦးအသံသည် နားထဲတွင် အမြောက်ပစ်သံလောက် ကျယ်သွားသည် ထင်လိုက်၏။

ရင်ထဲတွင် ပျို့တို့တို့ကြီးဖြစ်လာသည်။

ခင်လေးကတော့ ဘာမှသိပုံမပေါ်။ တောင်ငူစားသောက်ခန်းအစွန်ဆုံး 'မမြ' အသုပ်ဆိုင်တွင် သူငယ်ချင်းတစ်ယောက်နှင့် ရယ်လိုက်မောလိုက်။

စိမ်းနုရောင် အထက်အောက် ဆင်တူဝတ်ထားသည်။

ကျွန်တော်က စီးကရက်ဆိုင်မှ ဒူးယားတစ်လိပ်ဝယ်၍ မီးညှိသည်။ ပေါ်ဦးက ခါးကို မသိမသာတို့၍–

"သွားလေကွာ"

ကျွန်တော်က သူ့လက်ကိုပုတ်ပြီး –

"အေးပါ . . . နေစမ်းပါဦး၊ ဒီမှာ နောက်ဖေးတောင်သွားချင်သလိုလိုဖြစ်နေတယ်"

"ဟာကွာ . . . ငါ ကလော်တုတ်လိုက်ရ မကောင်းရှိရော့မယ်။ ခုဟာက သာခုကန်တုန်းကလို၊ ဘုရားပေါ်မှာလို စကားပြောရုံပဲ မင်းကိုလုပ်ခိုင်းတာကွ၊ ဝင်ရောရုံပဲ။ ခွီးတဲ့မှ မဟားတရားဝင်လုပ်ခိုင်းတာကျနေတာပဲ"

"အေးပါ ပေါ်ဦးရာ၊ ငါသိပါတယ်။ ဒါပေမဲ့ ခုဟာက သိသိသာသာကြီး ဝင်ရောရမှာဖြစ်နေလို့"

"ဟော"

ပေါ်ဦး၏ 'ဟော' သံကြောင့် အသုပ်ဆိုင်ဘက် လှမ်းကြည့်မိသည်။ ခင်လေးနှင့် သူ့အဖော်မှာ ထရပ်နေပြီ။

"ထတ် . . . ထတောင်ထသွားပြီ"

ပေါ်ဦးက မကျေမနပ်နှင့် ပြော၏။

"နေ . . . နေရတယ်၊ ငါဝင်မယ်"

ခင်လေးတို့နှစ်ယောက် တောင်ငူဆောင် အပြင်လမ်းဘက်အထွက် ကျွန်တော်က ခပ်သုတ်သုတ် လိုက်သွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

"ထွန်းဝေ၊ မင်းနဲ့ငါ ငယ်သူငယ်ချင်းတွေနော်။
မင်းဘဝကို ငါသိတယ်၊ ငါ့ဘဝကို မင်းသိတယ်။
ဘဝဆိုတာ တက္ကသိုလ်ကျောင်းမှာရောက်နေတဲ့ ကာလမျက်မြင်လေးကို ပြောတာမဟုတ်ဘူး။
တက္ကသိုလ်ကျောင်းသားဆိုတဲ့ကာလဟာ ဘဝရဲ့ အလှဆုံးအချိန်လေးတစ်ခု။
ငါပြောတဲ့ဘဝက အကျည်းတန်တာတွေ အများကြီးပဲ။
ပြီးခဲ့တဲ့ဘဝ၊ ပြီးတော့ လက်ရှိတခြားတစ်နေရာကဘဝ"
"မင်းပြောတာ ငါသိတယ် ကျော်ညွန့်။ စကားလုံးတွေ သိပ်ဖွဲ့နွဲ့မနေနဲ့၊
လိုရင်းကိုပြော၊ မင်းဘာပြောချင်လဲ"
လေသံပြတ်နေသော်လည်း ကျွန်တော့်စကားမှာ ဒေါသမပါ။
ကျော်ညွန့်စေတနာကို အကြွင်းမဲ့ယုံပါသည်။
"ငါပြောချင်တာ ရှင်းရှင်းပြောမယ်ထွန်းဝေ၊ မင်းနဲ့သူက . . ."

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ"စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဥတ္တရသီရိမြို့နယ်၊ရတနာသိဒ္ဓိရပ်ကွက်ရှိ မြေကွက်အမှတ်(ဦ-၃၂၅၅)၊ ဦးအေးမင်းသိန်း (ဘ) ဦးညွန့်သိမ်း [၁၂/အစန(နိုင်)၁၃၄၅၇၆] အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသွားသဖြင့် ဦးအေးမင်းသိန်းမှ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူ၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



# ဆေးဖက်ဝင် မျောက်ငိုသီးစေ့အခြောက်များ ဈေးကွက်အတွင်း ရောင်းအားကောင်း

ရန်ကုန် ဧပြီ ၃၀

ဆေးဖက်ဝင်မျောက်ငိုသီးစေ့အခြောက်များမှာ ဈေးကွက်အတွင်း ရောင်းအားကောင်းနေကြောင်း၊ သို့ရာတွင် အစိုရောင်းအားကို မမီသေးကြောင်း မျောက်ငိုသီးရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ သိရသည်။

ဆေးဖက်ဝင်မျောက်ငိုသီးမှာ ယခုအချိန်တွင် အခြောက်ခံရောင်းသောကာလသို့ ရောက်ရှိနေပြီး ရောင်းအားကောင်းသော်လည်း သင်္ကြန်ကာလမတိုင်မီကာလများက မျောက်ငိုသီးအစိုကာလချိန်ဖြစ်သဖြင့် ရောင်းအားပိုမိုကောင်းခဲ့သည်။

"မျောက်ငိုသီးက ခုချိန်က ရောင်းရတယ်။ ရောင်းအားကောင်းတယ်။ အများဆုံးပို့ရတာ ရန်ကုန်ကို ပို့ရတယ်။ အခုကတော့ အစိုရာသီကုန်သွားပြီ။ အခုက အခြောက်ရာသီပါ။ သူကတော့ နို့ဆီဘူး၊ ပြည်နဲ့ချိန်ရောင်းရတယ်။ အစိုကာလက တစ်လပိုင်းကနေ လေးလပိုင်းအထိပါ။ ကျန်တဲ့ရာသီက အခြောက်ကာလတွေဖြစ်သွားတယ်။ သူကဆေးဖက်ဝင်တော့ မှာကြတာများတယ်။ တောင်ငူနဲ့တခြားမြို့နယ်တွေ ပို့ရတယ်။ ပြင်ဦးလွင်ထဲလည်း တော်တော်ပို့ရတယ်။ သင်္ကြန်မတိုင်ခင်ကအထိတော့ အစိုဈေးကွက်ရှိတော့ပိုရောင်းရတယ်။ အခြောက်ကာလကတော့ အစိုတုန်းကလောက် မရောင်းရဘူး"ဟု ပြင်ဦးလွင်မြို့နယ်ရှိ မျောက်ငိုသီးရောင်းဝယ်ရေးဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောသည်။

လက်ရှိ ပြင်ဦးလွင်မြို့ မျောက်ငိုသီးရောင်းဝယ်ရေးဈေးကွက်တွင် လက်ကားဈေး တစ်တောင့်လျှင် ငွေကျပ် ၁၀၀၊ လက်လီဈေး တစ်တောင့်လျှင် ငွေကျပ် ၂၅၀ ဈေးပေါက်လျက်ရှိကာ မျောက်ငိုသီးအခြောက်စေ့ဈေးမှာ လက်လီဈေးကွက်တွင် နို့ဆီဘူး တစ်ဘူးလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိဈေးပေါက်နေကြောင်း သိရသည်။

မျောက်ငိုသီးသည် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ ထိုင်း၊ မလေးရှား၊ လာအို၊ စင်ကာပူနိုင်ငံတို့တွင် လူကြိုက်များပြီး နှစ်ကြိုက်ကြသော သီးနှံတစ်မျိုးဖြစ်ကာ ယခင်ကာလများက ပြည်ပဈေးကွက်အနေဖြင့် မြန်မာနိုင်ငံမှ ထွက်သော မျောက်ငိုသီးများကို အိန္ဒိယနိုင်ငံက နှစ်စဉ် ဝယ်ယူလေ့ရှိကြသည်ဟု သိရသည်။ ယခုနောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်း၌ မျောက်ငိုသီးစားသုံးမှုမှာ တဖြည်းဖြည်း တိုးပွားလာလျက်ရှိကာ မျောက်ငိုသီး၏ ပြည်တွင်းဈေးကွက်မှာလည်း ကျယ်ပြန့်လာကြောင်း သိရသည်။

မျောက်ငိုသီးတွင် ပရိုတင်း၊ အကျိုးပြုအဆီဓာတ်၊ သကြားဓာတ်၊ အမျှင်ဓာတ်၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ပိုတက်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဇင့်၊ ကော့ပါးနှင့် ဗီတာမင်များ စုံလင်စွာပါဝင်ကြောင်း သိရသည်။

**Thit Taw**




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ဒေါ်စိမ်းလဲ့အောင် [၁၂/မရက(နိုင်)၁၀၅၀၈၄] (အဖ-ဦးသန်းထွန်း) အမည်ပေါက်ပိုင်ဆိုင်သော-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၁)ရပ်ကွက်၊ ရာဇဓိရာဇ်လမ်း၊ အမှတ်(၂၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၂၁)၊ ဧရိယာ (၀.၀၅၆)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိမှ အမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားကာ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့်သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇ /အေ၊ ဓာတိဂုဏ်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**






၁၅-၄-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၉) တွင်

- အလုပ်သမားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးပမ်းစို့
- အလေးထားစိုက်ပျိုးသင့်သော နဂါးမောက်သီး
- သီလော့ဂျင်သီးနှံများတွင် ကြွက်ကာကွယ်နှိမ်နင်းရေး
- သရက်ချောင်းမြို့နယ်၌ ရာသီပေါ် ဒူးရင်းသီးများ ဈေးကောင်းရရှိ
- ဆလုံရေလုပ်သားများ ကင်းမွန်ရောင်းချပြီး အလုပ်အကိုင်အဆင်ပြေ
- မွေးမြူရေးတိရစ္ဆာန်များ အပူဒဏ် ကြိုတင်ကာကွယ်နိုင်ရေး နှီးနှော
- သက်ရှိသတ္တဝါများအတွက် အရေးကြီးသောရေဓာတ်
- မျက်ကြည်လွှာနာခြင်းကို မပေါ့ဆသင့် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

**တစ်စောင် (၂၅၀) ကျပ်**

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများစာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၄-၂၀၂၄ ရက်စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ ၂၈ တွင်ပါရှိသော တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနမှ တင်ဒါကြော်ငြာခေါ်ယူခြင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတစ်ခုဖြစ်သည့် သောင်တူးခြင်းလုပ်ငန်း (၁၀၀မီတာ x ၉၀ မီတာx ၂မီတာ) အစား သောင်တူးခြင်း လုပ်ငန်း (၁၀၀ မီတာ x ၅၀ မီတာ x ၂ မီတာ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၇)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၃၄၇/ခ+၃၄၈/က)၊ နှစ်ခန်းတွဲ RC (၆) ထပ်တိုက်မှ ဒုတိယထပ်၊ (၃-လွှာ)၊ (တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)၊ ဧရိယာ (၁၀၂၆) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်အာသီလက်ချမီး [၁၂/အစန(ပြု)၀၀၀၁၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းအောင်ခမ်းအေး [၅/ခတန(နိုင်)၀၁၉၆၁၄]၊ ဒေါ်အိမွန်အောင်[၇/ရတရ(နိုင်)၁၂၃၁၆၀]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မ ည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်ခမ်းအေး နှင့် ဒေါ်အိမွန်အောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်ဇော်လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-450023651, 09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊မြေကွက်အမှတ်(၁၅၇/က)၊မြေကွက်တည်နေရာအမှတ်(၁၅၇/က)၊ကောလိယလမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ဦးစောအောင်(AC-032991)အမည်ပေါက်၊နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးစောအောင်မှဂရန်၊နိုင်/ကတ်၊ ၀b၂၊ဝန်ဆောင်ခတို့တင်ပြ၍မြေတိုင်းလျှောက်ထားလာမှုအပေါ်မြေစာရင်းမှတ်ချက်(၁)ရှိ၂၀၀၀ခုနှစ်ဘဏ်ချေးမြေပုံမှတ်ချက်နှင့်ပတ်သက်၍လျှောက်ထားသူဦးစောအောင်မှအဆိုပါဘဏ်ချေးမြေပုံမှာအမှန်တကယ်ပျောက်ဆုံးသွားပါကြောင်းနှင့်အဆိုပါဘဏ်ချေးမြေပုံအားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းထားခြင်း၊ရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်လှူဒါန်းထားခြင်းတို့မရှိပါကြောင်း၊အဆိုပါဘဏ်ချေးမြေပုံပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ကျမ်းကျိန်လွှာအမှတ်-၄/၃၆၁/၂၀၂၄(၅-၄-၂၀၂၄)တို့တင်ပြ၍ဦးစောအောင်(AC-032991)မှမြေတိုင်းလျှောက်ထားလာမှုအပေါ်တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-တ/၄၁၊ လူနေရပ်ကွက်အမှတ်- ၁၅၊ အောင်သုခလမ်းသွယ်၊ မြေကွက်အမှတ်-၂၃၅(ခ)၊ အကျယ်ပေ(၂၀x၆၀)ရှိ ကိုဇော်ကြီးအမည်ပေါက်မြေချပါမစ် ထွက်ရှိထားသည့် မြေကွက်၏ခြေရင်းခြမ်း အကျယ်ပေ(၁၀X၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ရေမီးစုံလူနေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့်အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးတင်ငွေ [၉/မမန(နိုင်)၀၀၈၂၀၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇွန်ပွင့်ဖြူ [၁၂/ရပသ(နိုင်)၁၁၀၂၅၄] ကိုင်ဆောင်သူမှ (၂၉-၄-၂၀၂၄)ရက်စွဲပါ "မြေနှင့်အိမ် အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်" ချုပ်ဆို၍ ကာလတန်ဖိုးငွေ အပြည့်အဝပေးချေရာ အိမ်မြေလက်ရောက်လွှဲပြောင်းဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ဇွန်ပွင့်ဖြူ** | **ဒေါ်လှိုင်ဝင်းထွဋ်(LL.B)** |
| **[၁၂/ရပသ(နိုင်)၁၁၀၂၅၄]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)** |
| **အမှတ်- ၅၅၁(က)၊** | **အမှတ်- ၃၅(က)၊ ဗိုလ်အောင်ကျော်လမ်း၊** |
| **ယောမင်းကြီးလမ်း၊ (၈)ရပ်ကွက်၊** | **(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **ရွှေပြည်သာမြို့နယ်။** | **ဖုန်း- ၄၂၀၂၉၃၈၈၇** |

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဦးကံစိန်သည်(၂-၇-၂၀၂၃)ရက်စွဲပါ မိသားစုစီမံမှုပြုလုပ်ခွဲဝေခြင်းသဘောတူကတိစာချုပ်ကို ပြုလုပ်ချုပ်ဆို၍ ဇနီးများဖြစ်သော ဒေါ်တင်တင်မြင့်၊ ဒေါ်ဦးဦးခင်၊ ဒေါ်တင်တင်မွန်နှင့် သားသမီးများဖြစ်သော ဦးဇော်မျိုးဦး၊ ဦးကျော်မျိုးဝင်း၊ ဒေါ် သိမ့်သိမ့်အိတို့အား ဦးကံစိန်ပိုင် **ပစ္စည်းတစ်ခုမကျန်အားလုံး**ကို အသီးသီး အညီအမျှ ခွဲဝေပေးအပ်ပြီးဖြစ်ပါသည်။

အဆိုပါ မိသားစုစီမံမှုပြုလုပ်ခွဲဝေခြင်း သဘောတူကတိစာချုပ် အပိုဒ်(၃)တွင် ဖော်ပြပါရှိသော **"အထက်ဖော်ပြပါ ပစ္စည်းစာရင်း၏ အမှတ်စဉ်(၁)ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅)၊မြေကွက်အမှတ်- ၁၇၈၊ (၄၂ပေx ၆၀ပေ) အကျယ်အဝန်း ရွှေနှင်းဆီ (၄)လမ်း၊ အိမ်အမှတ်- ၃ ရှိ ဦးကံစိန် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ပေါ် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် မြေကွက်အား မျက်နှာမူသော်(ဘယ်)ဘက် (၂၂ပေx ၆၀ပေ)အား ဦးကံစိန်နှင့် ဒေါ်တင်တင်မွန် [၁၂/သကတ(နိုင်)၀၂၀၃၂၇]တို့မှ အကျိုးခံစားရယူမည်"** ဟူသော စာချုပ်ပါ ဖော်ပြချက်နှင့်စပ်လျဉ်း၍ **"ကတိစာချုပ်အရလင်မယား နှစ်ဦးအတူ ပူးတွဲပိုင် (၂၂ပေ x ၆၀ပေ) မြေကွက်မှ ကျွန်ုပ်၏မိတ်ဆွေ ဦးကံစိန် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသည့်အစုကို အတူပူးတွဲပိုင်ဆိုင်သူ ဒေါ်တင်တင်မွန်ထံသို့ နှုတ်ဖြင့် စွန့်လွှတ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် RC လုံးချင်းတိုက်နှင့် မြေပေါ်တွင် စွန့်လွှတ်သူက အခွင့်အရေးတစ်စုံတစ်ရာမရှိတော့ပါသဖြင့် ဖော်ပြပါ မြေကွက်နှင့် တစ်ထပ်တိုက်အိမ်သည် ဇနီး ဒေါ်တင်တင်မွန်တစ်ဦးတည်းသာသက်ဆိုင်သည့် ပစ္စည်းဖြစ်ကြောင်း"**နှင့် အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မှ မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ချက်ပေးသူ** | **လွှဲအပ်ချက်အရ** |
| **ဦးကံစိန်** | **ဒေါ်နှင်းချယ်ရီ(LL.B)** |
| **[၁၂/ဥကတ(နိုင်)၀၄၀၂၁၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၂၃၁)** |
| | **အမှတ်(၄၁)၊ ၈၈-လမ်း၊** |
| | **ကန်/နောက်ရပ်ကွက်၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| | **Ph: 09-984732492, 09-953119749, 09-790404763** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ လမ်း-၄၀၊ အမှတ်(၂၇၇) နေ ဦးကျော်ကျော်အုံး [၁၂/ကမရ(နိုင်)၀၃၄၃၆၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်အုံး အမည်ပေါက် တရားဝင်ပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းအားလုံးသည် ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်ချောစုလှိုင် [၁၄/ဘကလ(နိုင်)၁၅၇၆၁၇]နှင့် သမီးဖြစ်သူ မယွန်းလပြည့်နှင့် သားဖြစ်သူ မောင်မုတ်သုန်ဂျွန်တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော ပစ္စည်းများဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၇)**
**ဖုန်း-၀၉-၄၂၀၀၇၃၆၁၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးဘအိုလမ်း-လမ်းသွယ်(၁)၊ (ဈေးပိုင်)လမ်းချိုး၊ မြေအကျယ်(အရှေ့မျက်နှာစာ)ပေ(၂၂ အရှည်ပေ ၅၅)ပေါ်ရှိ အမှတ်(၈)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အားလုံးအား တရားဝင်ပိုင်ဆိုင်သူ ဦးဘွဲ့အုပ်ထန်း[၄/ဖလန(နိုင်)၀၄၀၄၄၇]ထံမှ ဒေါ်ငွန်သင်ဒိမ်[၄/ဖလန(နိုင်)၀၃၄၆၆၆]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွန်သင်ဒိမ်**
**Ph: 09-792737661**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဘယသကြိန်(၂၃)လမ်း၊ မြေကွက်အမှတ်(၈၄၃/ခ)၊ အကျယ်အဝန်း(၂၀×၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် နှစ်(၆၀)မြေငှားဂရန်စာချုပ်နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းသန်းညွန့် (၁၂/သဃက(နိုင်)၀၆၇၁၅၇)အမည်ဖြင့်မှတ်သားထားပြီး ၎င်းထံမှ နည်းလမ်းတကျစာချုပ်အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ် အကျိုးခံစားခွင့်ရလျက်ရှိကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်စိုးနိုင် (၁၂/ဥကတ (နိုင်)၁၄၆၀၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်နည်းလမ်းတကျ လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်ုပ်ထံတင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ - **ဒေါ်သင်းသီရိအောင်** LL.B (စဉ်-၁၄၁၄၈/၂၀၁၈)
တရားလွှတ်တော်ရှေ့နေ
ရုံး -အမှတ်(၂၀၈)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၉၈၄၄၀၉၈၄၊ ၀၉ ၂၅၄၁၁၀၃၁၀

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀)၊ လူနေရပ်ကွက်အမှတ်-(၇)၊ နဝရတ်ဈေးလမ်း၊ မြေကွက်အမှတ်-(၃၇)၊ ဦးဇော်ဝင်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်ပေ-(၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်သဥ္ဇာဖြိုး [၅/အရတ(နိုင်)၁၁၃၅၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှရွှေ [၁၂/ရပသ(နိုင်)၀၆၀၇၈၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၆၃၆၄၄၅၁၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈/၃၂)၊ လူနေရပ်ကွက်အမှတ်-(၁၂)၊ ခရေလမ်း၊ မြေကွက်အမှတ်-(၇၃)၊ ဦးလှရီ အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ-(၄၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာလက်ဝယ်ထားရှိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုလွှဲပြောင်းရောင်းချသူ ဒေါ်တင်တင်မိုး [၇/ဒဥန(နိုင်)၀၇၅၁၀၇]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးလှိုင်ဦး [၁၂/ဗဟန(နိုင်)၀၁၅၈၇၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၉၆၃၆၄၄၅၁၇**




## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲဖြစ်သည့် ချိတ်ဆက်ရာ ကုမ္ပဏီလီမိတက်၏ အပြီးသတ်အစည်းအဝေး တက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၁၆၅၁၁၀၉၆)ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ချိတ်ဆက်ရာ ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များသည် ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းထားရန် လျှောက်ထားပြီးဖြစ်ပါသည်။ ချိတ်ဆက်ရာ ကုမ္ပဏီလီမိတက်ကို ဖျက်သိမ်းရာတွင် ကျင်းပရန်လိုအပ်သည့် အပြီးသတ်အစည်းအဝေးကို ဗိုလ်အောင်ကျော်လမ်း၊ ၉၀၊ အလွှာ ၁၁၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ၂၀၂၄၊ မေလ ၇ ရက်နေ့၊ နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါ အစည်းအဝေးသို့ အစုရှယ်ယာရှင်များနှင့် မြီရှင်များ(ရှိပါက) တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာစာရင်းနှင့် ကုမ္ပဏီ၏ပစ္စည်းများကို မည်သို့စီမံခန့်ခွဲခဲ့သည်တို့ကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါသည်။

**ဒေါ်မေသူလှိုင်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**လက်မှတ်ရပြည်သူ့စာရင်းကိုင် (စဉ်- ၁၄၄၉)**
**လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများ အသင်းဝင်အမှတ်- ၀၀၀၇၅**
**လိပ်စာ- အမှတ်၂၀၉၊ ပါရမီလမ်း၊ ၅ ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။**
**ဖုန်း- 09-256066504**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့်၅)
## အလုံခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၇

| တရားလိုများ | | တရားပြိုင်များ |
|---|---|---|
| ၁။ ဒေါ်ဆွေဆွေမြတ်(ကိုယ်တိုင်နှင့် ကျန်တရားလိုများ၏ အခွင့်ရကိုယ်စားလှယ်) | နှင့် | ၁။ ဒေါ်မော်လီလတ်(ခ) ဒေါ်လှဝင်း |
| ၂။ ဒေါ်ခင်လှ | | ၂။ ဒေါ်လှရှင် |
| ၃။ မောင်ရဲလင်း | | ၃။ ဒေါ်အေးအေးသွင် |
| ၄။ မထက်ထက်ဝေ | | ၄။ ဦးမျိုးမင်းသွင် |
| ၅။ မချမ်းမြေ့လင်း | | |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ် (၇၉၂)နေ (၃) တရားပြိုင် ဒေါ်အေးအေးသွင်နှင့် (၄) တရားပြိုင် ဦးမျိုးမင်းသွင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုတို့က **အမွေပုံစီမံခန့်ခွဲပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍၊ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ မေလ (၁၆)ရက်၊ (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်)၊ နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုတို့ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင်၊ သင့်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့က ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လင်းမင်းထွန်း)**
**ခရိုင်တရားသူကြီး**
**အလုံခရိုင်တရားရုံး**

## "ဦးသီလာစာရ နှင့်အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ ပုဂံလမ်းမကြီး၊ ညာဘက်ခြမ်းရှိ အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းသည် သာသနာဝင်အမှတ်[၁၂/ဥကမ(သ)၀၀၁၃၆၈] ကိုင်ဆောင်သော ဆရာတော် ဘဒ္ဒန္တပညာဒီပ ပုဂ္ဂလိကပိုင်ဆိုင်သော ကျောင်းဖြစ်ပါသည်။ အဆိုပါကျောင်း၏ စီမံခန့်ခွဲခွင့်အရပ်ရပ်အား ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် ဆရာတော် ဘဒ္ဒန္တပညာဒီပသည် ကျန်းမာရေးမကောင်းသည့်အချိန်တွင် ဦးသီလာစာရအား စာချုပ်စာတမ်းများအား လွှဲပြောင်းပေးအပ်ထားခဲ့ပါသည်။ ယခုအခါ ဦးသီလာစာရအား လွှဲပြောင်းပေးအပ်ထားသော စာချုပ်စာတမ်းများနှင့်ပတ်သက်၍ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် ထိုစာရွက်စာတမ်းများကို ဆရာတော် ဘဒ္ဒန္တပညာဒီပထံသို့ (၁၄)ရက်အတွင်း ပြန်လည်အပ်နှံရန်၊ ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် ဦးသီလာစာရတို့ကြားတွင် အောင်မင်္ဂလာဓမ္မရိပ်သာကျောင်းနှင့်ပတ်သက်၍ မည်သည့်လွှဲပြောင်းပေးအပ်မှုများမရှိကြောင်း ဦးသီလာစာရနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရည်လွင်ကျော်**
**အထက်တန်းရှေ့နေ (စဉ်-၄၂၀၄၃) (၂၁-၆-၂၀၁၃)**
**အမှတ်(၉၄၁)၊ ဆည်မြောင်းလမ်း၊ (၄၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၂၉၈၉၄၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ မြောက်၊ မြေကွက်အမှတ် (၁၂၆၄/ခ)၊ သဒ္ဒါရုံ(၂)လမ်း၊ တိုက်အမှတ်(၁၂၆၄)ဟုခေါ်တွင်သော အဆောက်အဦ၏ တတိယထပ် (၄)လွှာ၊ အကျယ်အဝန်း ၁၈ပေx ၅၀ပေ အကျယ်အဝန်းရှိသောတိုက်ခန်း၊ ဒေါ်စန်းခင်အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း (မြေပိုင်ဆိုင်မှုအပါအဝင်) ရောင်းချသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ ရေ၊ မီး၊ မော်တာအပါအဝင် တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သော မြေရှင်ဖြစ်သူ ဒေါ်စန်းခင် [၁၂/သကတ(နိုင်)၁၀၀၂၇၃] (S/OKA -046360)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးကျော်ဇေယျာမင်း၊ ဒေါ်အေးအေးခိုင်တို့မှ စရန်ငွေ တချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်တင်စုဝေ**
**(LL.B, D.B.L, M.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၂၈)**
**အမှတ်- ၄၅၇၊ ရာဇာဓိရာဇ်(၂၂)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၉၆၁၀၀၁၉၃၀၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၆၊ မြေကွက်အမှတ် (၁၀၅၁)၊ ဧရိယာအကျယ်အဝန်း (၁၈၀၀)စတုရန်းပေရှိ ဦးအောင်သင်း [၁၂/လမတ(နိုင်)၀၂၉၈၄၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးဆန်းထွန်း [၁၂/သဃက(နိုင်)၀၃၇၂၉၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်ပိုင်ကို (LL.B)** — **ဦးမင်းခန့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၂၆၂)** — **အထက်တန်းရှေ့နေ(စဉ်- ၅၅၈၁၉)**
**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရလပ-၂၆၊ မြေကွက်အမှတ်- ၁၀၄၈ [ပါမစ်အမည်ပေါက် ဦးဆွေလွင်ဦး၊ ၁၂/အစန(နိုင်)၀၀၉၈၆၉]၊ မြေကွက်အမှတ်- ၁၀၄၉ [ပါမစ်အမည်ပေါက်- ဦးတင်ထွန်း၊ ၁၂/လကန(နိုင်)၁၄၀၈၃၁]၊ မြေကွက်အမှတ်- ၁၀၅၀ (ပါမစ်အမည်ပေါက်- ဒုအရာခံဗိုလ်ခင်မောင်ဦး၊ ၉/မထလ(နိုင်)၀၉၀၁၅၇]၊ တစ်ကွက်လျှင် ဧရိယာအကျယ်အဝန်း (၄၀x၆၀)ပေ၊ စုစုပေါင်း ဧရိယာအကျယ်အဝန်း (၇၂၀၀) စတုရန်းပေရှိ ပါမစ်မြေကွက် (၃)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဦးဆန်းထွန်း [၁၂/သဃက(နိုင်)၀၃၇၂၉၆]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄)ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်ပိုင်ကို (LL.B)** — **ဦးမင်းခန့်ကျော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၆၂၆၂)** — **အထက်တန်းရှေ့နေ (စဉ်- ၅၅၈၁၉)**
**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ (၁၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၄၆၀၈၅၉၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၉၅/ခ၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၉၅/ခ)၊ အောင်ဇေယျလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဆန်းရီ(PGN- 117084) အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဆန်းရီ(PGN- 117084) မြေကွက်အား အမည်ပေါက် ဦးဆန်းရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၅၃၂/၁၈ (၂၇-၂-၂၀၁၈)ဖြင့် ပိုင်ဆိုင်သူ ဒေါ်စိန်တင်[၉/ညဥန(နိုင်)၀၄၃၈၇၆]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်မိတ္တူမှန်၊ နှစ်(၆၀)ဂရန်မူရင်းမှာ အထားသိုမှားယွင်းကာပျောက်ဆုံးသွားခဲ့ကြောင်း၊ ဂရန်မူရင်းအား အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချထားခြင်းတို့ လုံးဝမရှိကြောင်း၊ ဂရန်မူရင်းမှာလည်း အမှန်တကယ်ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း၊ သာကေတမြို့နယ် (၄)မြောက်အုပ်ချုပ်ရေးမှူးရုံး (အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)တို့၏ ထောက်ခံချက်၊ သာကေတနယ်မြေရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ .

**ဌာနမှူး (ဒုတိယ ညွှန်ကြားရေးမှူး)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ချို၏သား မောင်ဗညားထွန်း [၅/ယမပ(နိုင်)၀၃၄၇၅၃]၏ နိုင်ငံကူးလက်မှတ် အမှတ်(593703) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၃၂၈၄၁**

★STAR★
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

